ခန္တီ စ ခေါ် မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၃)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ ရက်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်   ဩဂုတ်   ၃၁

၂၀၀၄ခုနှစ် ဩဂုတ် ၃၁ ရက်၌ ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၇)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားနိုင်ငံ ဘုရင် တူအန်ကူ ဆာရက် ဆီရာ ဂျူဒင် အီဘနီ အယ်လ်မာဟွမ် တူအန်ကူ ဆာရက် ပူထရာ ဂျာမာလူလေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းတည်ဆောက်မှုကြည့်ရှု ပေါင်းလောင်းမြေအောက်ဓာတ်အားပေးစက်ရုံ တာဘိုင်စက်အမှတ်(၄)ရာနှုန်းပြည့်တပ်ဆင်ပြီးစီး ဓာတ်အားမဂ္ဂါဝပ် ၇၀ မဟာဓာတ်အားလိုင်းမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ထုတ်လွှတ်ပေးလျက်ရှိ

ရန်ကုန်   ဩဂုတ်   ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပင်မသီးနှံ ၁၀ မျိုးအတွက် ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်များချမှတ်ပေးထား

❖ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပင်မသီးနှံ ၁၀မျိုးအတွက် ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်၊

❖ ပန်းတိုင်ရည်မှန်းချက်များ သတ်မှတ်အချိန်ကာလထက်စော၍ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြင့် အထောက်အကူပြု၊

❖ စိုက်ပျိုးရေးသုတေသနလုပ်ငန်း နိုင်ငံတော်အတွက် လွန်စွာမှအရေးပါ၊

❖ ပြည်သူများအတွက် သီးနှံမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ ဒေသအလိုက်စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် သီးနှံစိုက်ပျိုးမှုစနစ်များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် စမ်းသပ်ရှာဖွေ ဖော်ထုတ်ဖြန့်ဖြူး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလုပ်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးကဏ္ဍ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပထမအဆင့်ဖြစ်သည့် အမျိုးသား ညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပြီ ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၂၉ ရက်က ရန်ကုန်တိုင်း မင်္ဂလာဒုံ မြို့နယ် ရန်ကုန်–ပဲခူးကားလမ်းမကြီးနှင့် အမှတ်(၃)လမ်းမကြီး လမ်းဆုံရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဘားလားစိုက်ကွင်းသို့ရောက်ရှိပြီး မှော်ဘီ၊ လှည်းကူးနှင့် မင်္ဂလာဒုံမြို့နယ်တို့မှ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌–

"အမျိုးသားညီလာခံကြီး အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းဆောင်ရွက်သည့် နေရာတွင် အခြေခံလိုအပ်ချက် သုံးချက်ရှိရမှာဖြစ်ကြောင်း၊ ပထမအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေရန်လိုကြောင်း၊ ဒုတိယအခြေခံ လိုအပ်ချက် အနေဖြင့် နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းပြီး ပြည်သူအများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားနေစေရန်လိုကြောင်း၊ တတိယ အခြေခံလိုအပ်ချက်မှာ ပြည်သူများ အသိဉာဏ်မြင့်မားမှု၊ ဆင်ခြင်တုံတရားပြည့်ဝမှု အရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေးပင် ဖြစ်ကြောင်း"

ပြောကြားခဲ့သည်။

သို့မှသာ ပြည်သူများသည် မိမိတို့လိုလား တောင့်တနေကြသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ တက်လှမ်းနိုင်ကြမည် ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေး အတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားစီးပွားခိုင်မာတောင့်တင်းရေးတွင် စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ စိုက်ပျိုးရေး ကဏ္ဍကို အခြေခံ၍ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်နိုင်ငံသူနိုင်ငံသားအားလုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ယခုအခါ လယ်ယာကဏ္ဍဖြစ်ထွန်းတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှု လယ်ယာ သို့ကူးပြောင်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ တောင်သူလယ်သမားများ အနေဖြင့် မိရိုးဖလာစိုက်ပျိုးလုပ်ကိုင်နေမှုမှ ငွေကြေးအကုန်အကျသက်သာပြီး အချိန်တိုအတွင်းစိုက်ပျိုး ဖြစ်ထွန်းနိုင်သည့် လယ်ယာသုံးစက်ယန္တရားများကို အသုံးပြုကာ တိုးတက်ပြောင်းလဲ စိုက်ပျိုးကြရန် လိုပေသည်။

နိုင်ငံတော်အစိုးရက စက်မှုနိုင်ငံထူထောင်ရာတွင် အဓိကလိုအပ်သည့် စက်မှုဇုန်များကို နိုင်ငံအနှံ့ထူထောင်ပေးကာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အားပေးကူညီပံ့ပိုးလျက်ရှိသည်။ ယင်းစက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများမှ မြန်မာ့လယ်ယာလုပ်ငန်း နှင့်ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံများကလည်း လယ်ယာသုံး စက်ကိရိယာများကို ထုတ်လုပ်ပေးလျက်ရှိသည်။

လယ်ယာသုံးစက်ကိရိယာများကို ပိုမိုသုံးစွဲကြခြင်းဖြင့် အချိန်ကုန် သက်သာပြီး လယ်ယာလုပ်သား သုံးစွဲရမှုနည်းပါးခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည့်အပြင် တောင်သူ လယ်သမားများ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ကာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးခိုင်မာ တောင့်တင်းပြီး ပြည်သူများလူနေမှုဘဝ မြင့်မား တိုးတက်စေရန်အတွက် လယ်ယာကဏ္ဍတွင်ပါဝင်လျက်ရှိသည့် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလုပ်ကိုင်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၁–၈–၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Methods of Finding Estimators (စီးပွားရေး)
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၂၁)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း–၃)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွပ်ကျယ်စက်ရုံ တည်ဆောက်မည့်နေရာ ဝန်ကြီးဦးအောင်သောင်းကြည့်ရှု ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၈ရက် နံနက် ၇ နာရီက မန္တလေးတိုင်း တောင်သာမြို့နှင့်မြင်းခြံမြို့အကြား အမှတ်(၃)နယ်မြေ ကွင်းအမှတ်(၉၉၄) ကွင်းခြံကျေးရွာအနီး၌ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ စွပ်ကျယ် စက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမြေနေရာ ဖော်ထုတ်ရွေးချယ်ရာ၌ စိုက်ပျိုးရေးလုပ်ငန်းများမှ လွတ်ကင်းသောနေရာကို ရွေးချယ်သွားရန်နှင့် စက်ရုံအတွက်လိုအပ် သည့် ရေအရင်းအမြစ်ရရှိရန် လိုအပ်သဖြင့် စနစ်တကျရှာဖွေရွေးချယ်သွားရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့၏ တတိယအကြိမ် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို နံနက်၇နာရီ ခွဲတွင် မြင်းခြံမြို့ မဏ္ဍကဋ္ဌနာခန်းမ၌ ကျင်းပရာ ဝန်ကြီးဦးအောင်သောင်းက ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တက္ကသိုလ် ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူ မခင်ငြိမ်းချမ်းအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးသည် ငါးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မအေးငြိမ်းချမ်းကျော်စိုး၊ မအေးမြစံ၊ မဝတ်ငုံဖူး၊ မောင်ကျော်မိုးလွင်၊ မအိဖြိုးဝေနှင့် မမေမြတ်မွန်တို့အား လည်းကောင်း၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများပေး အပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် ဝန်ကြီးသည် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများရရှိရန် သင်ကြားပြသပေးကြသော ဆရာ ဆရာမ ၇၃ ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်သည်။ ဝန်ကြီးသည် နံနက် ၁၀ နာရီတွင် မြင်းခြံမြို့နယ် ထနောင်းတိုင် အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးအောင်သောင်းက အမှာစကား ပြောကြားပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ထမ်းများကိုယ်စား ထနောင်းတိုင် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာချစ်ကိုအားပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်သာမြို့နယ် ရသစ် အခြေခံပညာ အထက်တန်းကျောင်းရှေ့ယာယီမဏ္ဍပ်၌ ဆရာဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ဝန်ကြီးဦးအောင်သောင်းက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ရန် မတည်ငွေကျပ်သိန်း ၃၀ကို စေတနာရှင်အလှူရှင်များနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ထမ်းများကိုယ်စားပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ကျောင်းအုပ် ဆရာကြီး ဦးသိန်းညွန့်တို့က လက်ခံကြသည်။ **(သတင်းစဉ်)**

ဗဟန်း မြို့နယ် ဗိုလ်ချုပ် (၂)ရပ်ကွက် အမက (၁၀) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရ မောင်ရှင်းသန့်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၄ခုနှစ် ဩဂုတ် ၃၁ ရက်၌ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၇)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

ကျောဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အတူ ဩဂုတ်၂၉ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက်၉နာရီ၁၅မိနစ်တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက စက်ရုံမှ ထုတ်လုပ်မည့် အင်ဂျင်များ၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များ၊ နည်းပညာ လွှဲပြောင်းရယူရေး ကိစ္စများအတွက် ညှိနှိုင်းစီစဉ်ထားမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၂၉ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းရှင်းလင်း ဆောင်ရွေ့၌ ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံနှင့် စက်ရုံစီမံကိန်း ပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်က ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း၊ စီမံကိန်းအကောင် အထည်ဖော်ရန်အတွက် ညှိနှိုင်းဆောင် ရွက်ခဲ့မှုများ၊ ထုတ်လုပ်မည့် အင်ဂျင် ပုံစံ (Model) အမျိုးအစားနှင့် စွမ်းအား၊ အင်ဂျင်အမျိုးအစား အလိုက် အသုံးဝင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေးအတွက် ဆောင်ရွက်နေသည့်

ဩဂုတ်၂၉ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ အဆောက် အအုံ ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည် များကို မှာကြားသည်။

ဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံ

ထို့နောက်အမှတ်(၂)စက်မှုဝန်ကြီး ဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ အဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်း အနားကို သတ်မှတ်နေရာ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Yu Boren နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ XJ Group Corporation မှ President, Mr.Wang Jinian နှင့်အဖွဲ့ ဝင်များ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘင်ခရာ အဖွဲ့၊ စည်တော်အဖွဲ့ဝင်များနှင့် ဖိတ် ကြားထားသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ရတနာအုတ်မြစ်စီမည့်သတ်မှတ် နေရာ အသီးသီးတွင် နေရာယူကြ သည်။

ယင်းနောက်မင်္ဂလာအခါတော်ပေး ဆရာကြီးဦးကျော်က ဇယန္တော အောင် ဂါထာရွတ်ဆို၍ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေး ပြီး မင်္ဂလာ ကမ္ပည်းကျောက်စာကို ဖတ်ကြားသည်။

ရတနာအုတ်မြစ်မြှုပ်နှံ

ထို့နောက် မင်္ဂလာအချိန် နံနက်၉ နာရီ ၅၄မိနစ်တွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို ရတနာအုတ်မြစ် အလယ်ဗဟိုတွင် မြှုပ်နှံပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်း အောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က နဝရတ် ကိုးပါး ရတနာအုတ်များကို သတ်မှတ်နေရာ အသီးသီးတို့တွင် ပြိုင်တူစီထား မြှုပ်နှံပေးကြသည်။



နံ့သာရည်ပက်ဖျန်း

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ် မြစ်စီ မင်္ဂလာမော်ကွန်း ကမ္ပည်း ကျောက်စာကို အုတ်မြစ်အလယ်ဗဟို တွင် ဖုံးအုပ်ပေးပြီး နဝရတ်ကိုးပါး ရတနာငွေကြုတ်၊ ရတနာအုတ်နှင့် မော်ကွန်းကမ္ပည်း ကျောက်စာတို့ အပေါ် အမွှေးနံ့သာရည်တို့ဖြင့် ပက် ဖျန်းပေးပြီး ရတနာ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ် မြစ်စီမင်္ဂလာအခမ်းအနား အောင်မြင် ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁

ကန်စစ်ဘက်ဆိုင်ရာအား အထောက်အကူပေးမှုများ တူရကီမရပ်ဆိုင်းလျှင် တိုက်ခိုက်မည်ဟု ခုခံတိုက်ခိုက်ရေးအုပ်စု ခြိမ်းခြောက်

ဒူဘိုင်း ဩဂုတ် ၂၈

တူရကီနိုင်ငံက အကယ်၍ အီရတ်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာကို ထောက်ပံ့နေမှုများမရပ်လျှင် တိုက်ခိုက်မည်ဖြစ်ကြောင်း အီရတ်ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုက သတိပေးခြိမ်းခြောက်ထားသည်ဟု သောကြာနေ့က ပေးပို့သော အင်တာနက်ကြေညာချက်တွင် ဖော်ပြထားသည်။

တူရကီအစိုးရနှင့် ပြည်သူများအား အီရတ်နှင့်တူရကီနယ်စပ်မှတစ်ဆင့် ကျူးကျော်သည့်တပ်ဖွဲ့များအား အထောက်အကူပေးမှုနှင့် စစ်လက်နက်ပစ္စည်းများ ပို့ပေးနေမှုရပ်ဆိုင်းရန် မိမိတို့ အေးအေးချမ်းချမ်းတိုက်တွန်းကြောင်း၊ အကယ်၍ မိမိတို့၏တောင်းဆိုချက်များကို မလိုက်လျောလျှင် အထောက်အကူပေးမှုများ ရပ်သွားအောင် အထူးနည်းလမ်းများ အသုံးချမည်ဖြစ်ကြောင်း အစ္စလမ္မစ်တာဝှစ်အုပ်စုဟု လက်မှတ်ရေးထိုးထားသည့် ကြေညာချက်၌ ဖော်ပြထားသည်။

ခြိမ်းခြောက်

ယခုလအစောပိုင်း၌ ဂျော်ဒန်အုပ်စုခွဲဟုဆိုသော တာဝှစ်တိုက်ခိုက်ရေးအုပ်စုက အမေရိကန်စစ်ဘက်ဆိုင်ရာသို့ ထရပ်ကားဖြင့် ကုန်ပစ္စည်းများ ပို့ပေးနေမှု တစ်ပတ်အတွင်းမရပ်လျှင် ဂျော်ဒန်၌ရှိသည့် အရာရှိများနှင့် နိုင်ငံခြားသားများအား သတ်ဖြတ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

ခုခံတိုက်ခိုက်ရေးအုပ်စုအချို့သည် အီရတ်၌ တပ်ဖွဲ့ဝင်များပေးပို့ထားရှိသော နိုင်ငံများအား ခြိမ်းခြောက်သည့်ကြေညာချက်များကို မကြာမီက အင်တာနက်မှ ထုတ်ပြန်ခဲ့ကြသည်။ ထို့ပြင်အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါတပ်များ သို့မဟုတ် စစ်ဘက်ဆိုင်ရာနှင့် အလုပ်လုပ်သော ကန်ထရိုက်များထံ ပစ္စည်းများပေးပို့နေသည့် နိုင်ငံခြားသားအချို့ကို ခုခံတိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲခဲ့ကြသည်။ ဓားစာခံအချို့ အထိအခိုက်မရှိ လွတ်လာကြသော်လည်း ကိုးဦးထက်မနည်း အသတ်ခံခဲ့ကြရသည်။ အမ်အင်အေ၊ရိုက်တာ

မိုဆူးလ်၌ ကန်စစ်ယာဉ်တန်းအနီး ကားဗုံးပေါက်ကွဲ

မိုဆူးလ် ဩဂုတ် ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန် စစ်ဘက်မော်တော်ယာဉ်တန်းတစ်ခုအနီး၌ ကားဗုံးတစ်လုံး ပေါက်ကွဲသဖြင့် အီရတ်အရပ်သား ၁၀ ဦးထက်မနည်း ဒဏ်ရာရခဲ့ကြောင်း ရဲအဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ထိုသို့ ကားဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တို့ ထိခိုက်သေဆုံးသည့် သတင်းမရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက သောကြာနေ့၌ ပြောကြားသည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ယခုကဲ့သို့ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန် စစ်ယာဉ်တစ်စီး ပျက်စီးခဲ့သည်ဟု ဆိုသည်။ ဆေးရုံသို့ ထိခိုက်ဒဏ်ရာရသူ ၁၀ဦးရောက်ရှိလာကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကင်းလှည့်

နာဂျက်ဖ်မြို့တွင် စစ်ယာဉ်တစ်စီးဖြင့် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖော်လူဂျာမြို့ အား ကန်စစ်လေယာဉ်များ ထပ်မံတိုက်ခိုက်ကြပြန်

ဖော်လူဂျာ ဩဂုတ် ၂၈

အမေရိကန် စစ်လေယာဉ်များသည် ဖော်လူဂျာမြို့ကို လေကြောင်းမှ ထပ်မံတိုက်ခိုက်ခဲ့ကြရာ အရပ်သားနှစ်ဦးထက်မနည်းသေဆုံးပြီး ကိုးဦးဒဏ်ရာရခဲ့သည်။

ဖော်လူဂျာမြို့၏ အရှေ့ပိုင်းရှိ အယ်လ်အက်စ်ကာရီအရပ်ကို ဗုံးနှစ်လုံးထက်မနည်း သောကြာနေ့က ကြဲချသဖြင့် အိမ်၁၅လုံးနှင့် ကားအချို့ ပျက်စီးကြောင်း မျက်မြင်တွေ့သူများက ပြောကြားသည်။

ထို့ပြင် အမေရိကန်စစ်လေယာဉ်များသည် ဖော်လူဂျာမြို့၏စက်မှုဒေသကိုလည်း ဗုံးကြဲခဲ့ရာ စက်ရုံအစောင့်နှစ်ဦး ဒဏ်ရာရခဲ့သည်။

ဗုံးကြဲ

ဗုဒ္ဓဟူးနေ့၌လည်း ဖော်လူဂျာမြို့ကို အမေရိကန်စစ်လေယာဉ်များက ဗုံးကြဲခဲ့ပြန်ရာ လူလေးဦးထက်မနည်း သေဆုံးခဲ့သည်။ **(အင်တာနက်)**

အီရတ် စစ်ပွဲနောက်ဆက်တွဲ အခြေအနေများ တွက်ကိန်း မှားခဲ့ကြောင်း ဘုရှ် ပထမဆုံးအကြိမ်ဝန်ခံ

နယူးယောက် ဩဂုတ် ၂၈

အီရတ်တွင် စစ်ပွဲပြီးကာလ နောက်ဆက်တွဲအခြေအနေများကို မိမိတွက်ကိန်းမှားခဲ့သည်ဟု အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ကြာသပတေးနေ့၌ ပထမဆုံးအကြိမ်ဝန်ခံလိုက်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

အီရတ်တွင် စစ်ပြီးကာလ၌ မည်သည့်အခြေအနေများ ဖြစ်လာမည်ဆိုသည့် တွက်ကိန်း မှားခဲ့သည်ဟု မိနစ် ၃၀အကြာ တွေ့ဆုံမေးမြန်းစဉ် ဘုရှ်က ပြောကြားခဲ့ကြောင်း သတင်းစာက ကိုးကားရေးသားသည်။

သို့ရာတွင် ၁၇လကြာအီရတ်၌ ဖြစ်ပွားနေသော ဆူပူမှုများသည် ဆက်ဒမ်ဟူစိန်အား စစ်ရေးအရ မြန်မြန်ထက်ထက် အောင်မြင်မှု၏ မတော်တဆဖြစ်ပေါ်လာသော အကျိုးဆက်ဖြစ်ကြောင်းကိုမူ သမ္မတဘုရှ်က တရားသေ လက်ကိုင်ပြု ပြောဆိုခဲ့သည်ဟု ဆိုသည်။

လွှဲဖယ်

အီရတ်ကို သိမ်းပိုက်ခြင်းဖြင့် ဖြစ်ပေါ်လာခဲ့သော အမှားများနှင့် စပ်လျဉ်း၍ နောက်ထပ် စုံစမ်းမေးမြန်းသည်များကို ဘုရှ်က လွှဲဖယ်မည်ပြောဆိုခဲ့ကြောင်း နယူးယောက်တိုင်းမ်က ရေးသားသည်။

သေဆုံး

ပင်တဂွန်၏ ပြောဆိုချက်အရ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး အီရတ်၌ အမေရိကန် တပ်ဖွဲ့ဝင် ၉၆၉ဦး သေဆုံးခဲ့ကြောင်း၊ ယင်းအနက် ၈၂၈ဦးမှာ ၂၀၀၃ ခုနှစ် မေ ၃၀ရက်နောက်ပိုင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဒဏ်ရာရသူတပ်ဖွဲ့ဝင်ဦးရေမှာ ၆၆၉၀ ဖြစ်ပြီး အများစုမှာ သိမ်းပိုက်ကာလအတွင်း ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ

ရေနံပိုက်လိုင်းမီးလောင်

ဘာကူဘာမြို့အနီး တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို ဩဂုတ်၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပျက်ကျခဲ့သည့် ရုရှားခရီးသည်တင်လေယာဉ်နှစ်စင်းအနက် တစ်စင်း၌ ဖောက်ခွဲရေးပစ္စည်း သဲလွန်စတွေ့ရှိ

မော်စကို ဩဂုတ် ၂၈

ရုရှားနိုင်ငံ၌ ပြီးခဲ့သောအင်္ဂါနေ့ညက ခရီးသည်တင်လေယာဉ်နှစ်စင်း ပျက်ကျရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ အထူးပြုလုပ်လျက်ရှိရာ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၏ လက်ရှိရှာဖွေဖော်ထုတ်တွေ့ရှိချက်များအရ ဖောက်ခွဲရေးပစ္စည်းများဆိုင်ရာ သဲလွန်စအချို့ကို လေယာဉ်တစ်စင်း၏ ပျက်ကျရာနေရာ၌ ရှာဖွေတွေ့ရှိရပြီဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့တွေ့ရှိသော ဖောက်ခွဲရေးပစ္စည်းသဲလွန်စများမှာ ဟက်ဇိုဂျင်၏ အစအနများဟု ယုံကြည်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းဟက်ဇိုဂျင်ကို မော်စကိုမြို့၌ လွန်ခဲ့သည့် ၁၉၉၉ခုနှစ်က လူ ၃၀၀ သေဆုံးခဲ့ရသော အဆောက်အအုံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

ကျန်လေယာဉ်တစ်စင်းမှာ ဗိုရိုဂရော့သို့ ပျံသန်းထွက်ခွာသွားသော လေယာဉ်ဖြစ်ပြီး ၎င်းမှာ ရေဒါမှပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။ လေကြောင်းဆိုင်ရာ သတင်းတစ်ရပ်အရ ဒုတိယလေယာဉ်မှာ အချက်ပြ သတိပေးချက်နှစ်ခါ ပေးပို့ခဲ့ကြောင်း၊ ပထမတစ်ခုမှာ အက်စ်အိုအက်စ် သတိပေးချက်ဖြစ်ပြီး ဒုတိယတစ်ခုမှာ ပြန်ပေးဆွဲခံရသည့် သတိပေးချက်ဖြစ်ကြောင်း သိရသည်။

စုံစမ်းဖော်ထုတ်

လေယာဉ်ပျက်ကျမှုများသည် လေယာဉ်မှူးများ၏ အမှားကြောင့်သို့မဟုတ် စက်ပိုင်းဆိုင်ရာချို့ယွင်းမှုကြောင့် ဆိုသည်ကို စုံစမ်းဖော်ထုတ်နေကြသော်လည်း ယခုအခါ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွှယ်နေမှုကို ပိုမိုဂရုစိုက် စုံစမ်းဖော်ထုတ်လျက်ရှိသည်။ **(စီအင်န်အင်န်)**

လိပ်ပြဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၄)

မြန်မာပြည်သူ ခုနစ်ရက်သားသမီးအားလုံး သိတော်မူကြတဲ့အတိုင်း ပြည်ပအသံလွှင့်ဌာနတွေ ဖြစ်ကြတဲ့ VOA တို့၊ BBC တို့အစ RFA တို့၊ DVB တို့အဆုံး အားလုံးသော နယ်ချဲ့ကိုလိုနီ လက်သစ်ဝါဒီတွေရဲ့ သြဇာခံ အသံလွှင့်ဌာနတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို နေ့စဉ်နဲ့အမျှ လုပ်ကြံ ပုတ်ခတ် စွပ်စွဲတဲ့သတင်းတွေ၊ ဆောင်းပါးတွေ၊ ပေးစာတွေ၊ ဗျူးတာတွေအပြင် ဘာနေ့ ညာနေ့အထိမ်းအမှတ် အထူးအစီအစဉ်ဆိုပြီး တခမ်းတနား ထူးရှယ်တွေ လုပ်လုပ်ပြီး ပုတ်ခတ်ထုတ်လွှင့်နေသေးသဗျ။

အခုလဲ ၂၀၀၄ခုနှစ် သြဂုတ်လ ၅ရက်နဲ့ ၆ရက်နေ့တွေမှာ ၁၉၈၈ခုနှစ် မင်းမဲ့စရိုက်သောင်းကျန်းမှုကြီး တစ်ဇာတ်သိမ်းပြီး ချုပ်ငြိမ်းပြိုကွဲခဲ့တာကို လွမ်းဆွတ်တမ်းမော နှမြောကြေကွဲဝမ်းနည်းတဲ့ အထိမ်းအမှတ် အထူးအစီအစဉ် အနေနဲ့ အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူရဲ့ သုံးသပ်ချက်ဆိုတဲ့ ဗျူးခန်းကြီးနဲ့ အရှူးချေးပန်းသလို ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်း၊ စတုတ္ထပိုင်းရယ်လို့ အခန်းဆက်ထုတ်လွှင့်တဲ့ အလုပ်ကို VOA က လုပ်ချလာသဗျ။

အမျိုးသားရေး ဦးဝင်းနိုင်ရဲ့ သုံးသပ်ချက်ဗျူးသံတွေကို ပေါက်စအတို ကျဉ်းပြီး လိုရင်းလောက်ပဲ ထောက်ပြပါ့မယ်ခင်ဗျ။ ဘာလို့လဲဆိုတော့ VOA က ဒီမိုကရေစီ စေတနာတွေ ရေစီးကမ်းပြိုလိုက်ပြီး နှစ်ရက်ကြီးများတောင် အမိုက်စား၊ အပုံစား တခမ်းတနား အခန်းဆက်ကြီး ထုတ်လွှင့်ခဲ့တာတွေကို ထောက်ပြနေရင် ရှည်လျားပေများနေမှာ ဖြစ်သဗျ။

အဲ-အဲ အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူ ပုဂ္ဂိုလ်ကြီးရဲ့ သုံးသပ်ချက်ဆိုတဲ့ ထူးရှယ်အခန်းဆက် ဗျူးရှည်ကြီးကို ကောက်နုတ်ပြောရရင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး မအောင်မြင်တာဟာ တစ်ဦးချင်းလဲ ခေါင်းဆောင်မှုမပေးနိုင်၊ စုပေါင်းခေါင်းဆောင်မှုလဲ မပေးနိုင်ခဲ့သလို စစ်တပ်က လူထုကို ရက်ရက်စက်စက် တုံ့ပြန်နှိမ်နင်းခဲ့လို့တဲ့ဗျာ၊ အဲသဟာအပြင် နိုင်ငံခြားကလဲ အကူအညီမပေးခဲ့ဘူးတဲ့ဗျာ။ ဘယ်နိုင်ငံကြီးကမျှ အင်အားသုံးပြီး ကူညီပေးတာ မရှိဘဲ ဟိုသံရုံး၊ ဒီသံရုံးတွေက ထမင်းဖိုးလေး၊ ဟင်းဖိုးလေး ထုတ်ပေးတာက လွဲရင် ကိုယ်ထိလက်ရောက် ဘာမျှမကူညီခဲ့ဘူးတဲ့ဗျာ၊ အနီကဲ့သို့သော အရပ်ရပ် အခြေအနေများအရ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး အောင်ပွဲမခံရဘဲ တပ်လန်ခဲ့ရတဲ့အကြောင်း နတ်သံနှောပြီး ပြောခဲ့သဗျ။

ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးအတွက် လက်နက်အင်အားတွေသုံး ဖုံးကြဲတိုက်ခိုက်ပြီး ကျူးကျော်စွက်ဖက်လို့ မရဘူးဆိုတာ ဒီနေ့ နိုင်ငံတကာ သတင်း စာမျက်နှာတွေမှာ ထင်ထင်ရှားရှား လတ်လတ်ဆတ်ဆတ်ကြီး တွေ့နေမြင်နေကြတယ် မဟုတ်လားခင်ဗျာ။

အားလုံးသော မြန်မာပြည်သူ ခုနစ်ရက်သားသမီးများ ကြားတော်မူတဲ့ အတိုင်း အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူရဲ့ ဗျူးအသံကတော့ အထူးအန်ချင်စရာ ကောင်းနေပါပကောလားဗျာ။ ပြောရရင် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးရယ်လို့ နူတ်တိုက်ရွရွ တဖွဖွရွတ်ဆိုနေကြတဲ့ ပြည်တွင်းပြည်ပ ဒီမိုကရေစီ လိုလားသူများဟူသော ပြည်ပြေးဝရမ်းပြေးများနဲ့ နိုင်ငံရေးဇာတ်ပျက်များရဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုကြီး တစ်ဇာတ်သိမ်းပြီး အောင်ဖျာလိပ်ဘဝ ရောက်ရတဲ့ အခြေခံအကြောင်းတရားဟာ အဲဒီကာလမှာ ကြွေးကြော်ခဲ့သလို ဒီမိုကရေစီ ရေးမဟုတ်ဘဲ ဖြတ်လမ်းက အာဏာအချောင်နှိုက်ယူရေးကြောင့်ပဲဖြစ်တယ်ဆိုတာ ကြည့်တတ်ရင် မြင်နေသဗျ။

ဘာလို့လဲဆိုတော့ အဲဒီမင်းမဲ့စရိုက် သောင်းကျန်းမှုကြီး နိုင်ငံအနှံ့ကူးစက် လာတာနဲ့ ဒီမိုကရေစီခေါင်းဆောင် ဆိုသူများဟာ ဘာလုပ်လာသလဲဆိုရင် သူဦးကိုယ်ဦး အာဏာယူရေးအတွက် စင်ပြိုင်အစိုးရ ဖွဲ့တဲ့သူကဖွဲ့သဗျာ။ အဲ-ကျန်တဲ့ ဒီမိုကရေစီခေါင်းဆောင်ဆိုသူကလဲ သူတို့ထက် နှာတစ် ဖျားသာ လူလည်လုပ်သွားသလားဆိုပြီး တစ်ဖောင်းစေးနဲ့မျက်ချေးလို မကြည့်နိုင် မရှုနိုင်ဖြစ်ကြပြီး အုပ်စုပိုင်လမ်းဘေးသတင်းစာတွေမှာ ဆောင်းပါးရေးပုတ်ခတ် လာခဲ့ကြ၊ သူတို့အချင်းချင်း အာဃာတကင်းစွာနဲ့ ပေါင်းစည်းဖို့ မျက်နှာချင်း ဆိုင်ပေးတဲ့သူတွေက ညှိနှိုင်းကြပေမယ့် အာဏာရမ္မက်က ကိုယ်စီကိုယ်စီ ထိပ်မှာ တက်နေတော့ မျက်နှာချင်းဆိုင်ဇာတ်လမ်းလဲ တစ်ခန်းရပ် တစ်ဇာတ်သိမ်း ခဲ့ပြီး အသီးသီး လမ်းခွဲခဲ့ကြတယ် မဟုတ်လားခင်ဗျာ။ အဲသဟာနဲ့ နောက်ဆက်တွဲ ဇာတ်လမ်းတွေ ကတော့ ပွဲကြမ်းလာခဲ့တယ်။ ဘာညာကွိကွသမဂ္ဂတွေလဲ ကွဲကြ၊ ပြဲကြနဲ့ သပိတ်စခန်းတွေလဲ သူ့နယ်မြေ ကိုယ့်နယ်မြေ ပိုင်နက်နယ်ပယ် တွေကိုယ်စီနဲ့၊ သူတို့ကိုယ် သူတို့ ပဒေသရာဇ်တွေသဖွယ် အလုမ်းကျယ်လာခဲ့ ကြပြီး ခေါင်းစည်းနီ၊ လက်ပတ်နီတွေက တံခါးမှူး၊ ဝင်းမှူးများအဖြစ် ဓားတွေ၊ လှံတွေထမ်းပြီး စောင့်ကြပ်စစ်ဆေးဝင်ခွင့်၊ ထွက်ခွင့်ပေးတာမျိုးတွေဟာ တစ်ဗိုလ် တစ်မင်း ထင်ရာစိုင်းနေတဲ့ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အနိဋ္ဌာရုံ ပုံရိပ်တွေ ပဲမဟုတ်လားခင်ဗျာ။ အဲသလို အနိဋ္ဌာရုံပုံရိပ်တွေကို မင်းမဲ့စရိုက် သောင်းကျန်းမှုလို့ မမြင်နိုင်ကြသေးဘဲ ဒီမိုကရေစီအရေးတော်ပုံကြီးအဖြစ် ထုဆစ်ပုံသွင်းပြီး လွမ်းချင်းတွေဆိုနေကြတာဟာလဲ ရောဂါ-ရောဂါလို့ ပေါက်စ သြဘာပေးလိုက်ပါတယ် ခင်ဗျာ။

ပေါက်စ

ရှင်းရှင်းလေးပါဗျာ၊ ဒီမိုကရေစီနဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုဟာ အရှေ့နဲ့ အနောက်၊ တောင်နဲ့မြောက်ပမာ အလှမ်းကွာနေတဲ့အတွက် တိုင်းပြည်ပျက်တော့ မယ့်ဘေးကို တပ်မတော်က အချိန်မီ ကာကွယ်ပေးလိုက်ရတယ် ဆိုတာကို မြန်မာပြည်သူတွေအနေနဲ့ ဘဝဖြတ်သန်းမှုအရ ခံစားနားလည်နေကြပါပြီ။ ဒါကြောင့်မို့ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအမည်ခံ မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ပြည်သူတွေက အော့ကြောလန်စွာနဲ့ လက်မခံ မယုံကြည် တော့တဲ့အတွက် တပ်ပျက်ပြိုကွဲပြီး အနိစ္စသဘောနဲ့ ကိစ္စချောခဲ့တယ်ဆိုတာ ဘယ်လိုမှ ဖုံးဖိဖာထေး ကာကွယ်ဆေးထိုးလို့ မရပါဘူးခင်ဗျာ။

အဲသဟာကိုပဲ အခဲမကျေ ဝမ်းနည်းနေတဲ့ အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူက နိုင်ငံခြားက အကူအညီမပေးတာတွေ၊ သံရုံးအချို့က ထမင်းဖိုး ၊ ဟင်းဖိုးလေးပဲ ပေးပြီး အင်အားကြီးနိုင်ငံများက ကိုယ်ထိလက်ရောက် ဖိအားပေးတဲ့အကူအညီ မပေးခဲ့လို့ ဒီမိုကရေစီအရေးတော်ပုံကြီး မအောင်မြင်ခဲ့တာဖြစ်တယ်လို့ သုံးသပ် သွားတော့ ပေါက်စ သနားမိသဗျ။

ဘယ့်နှယ်ဗျာ၊ VOAတို့၊ BBCတို့ရဲ့ ရည်ညွှန်းဂုဏ်ပြုစကားကို ကိုးကား ပြောရရင် အမျိုးသားရေး ဦးဝင်းနိုင်ဟာ ပြည်ပအားကိုး၊ သူခိုးကို ဓားရိုးကမ်းတဲ့ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးကြီး ဖြစ်နေတဲ့အပြင် ကုလသမဂ္ဂရဲ့ ပဋိညာဉ် စာချုပ်အရ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချင်းချင်း တစ်နိုင်ငံရဲ့ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်စေရဆိုတဲ့ စည်းမျဉ်းစည်းကမ်း လောက်တောင် မသိနားမလည် ရှာပါကလားလို့ ပေါက်စ တရားကျမိသဗျ။

ပြောမယ်ဆိုရင် **ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးအတွက် လက်နက်အင်အားတွေ သုံး ဖုံးကြဲတိုက်ခိုက်ပြီး ကျူးကျော်စွက်ဖက်လို့မရဘူးဆိုတာ ဒီနေ့နိုင်ငံတကာ သတင်းစာမျက်နှာတွေမှာ ထင်ထင်ရှားရှား လတ်လတ်ဆတ်ဆတ်ကြီး တွေ့နေ မြင်နေကြတယ် မဟုတ်လားခင်ဗျာ။**

အဲ- အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူ နိုင်ငံရေးဇာတ်ပျက် ပုဂ္ဂိုလ်ကြီး က ဟိုသံရုံး၊ ဒီသံရုံးတွေအနေနဲ့ ထမင်းဖိုး၊ ဟင်းဖိုးလေးပဲပေးပြီး ကိုယ်ထိလက် ရောက် အကူအညီမပေးတဲ့အတွက် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီး ပျက်စီးခဲ့တယ်လို့ သုံးသပ်ထားတာဟာ အမျိုးသားရေး ဦးဝင်းနိုင် အနေနဲ့ နိုင်ငံတကာ သံတမန်ကျင့်ဝတ်သိက္ခာဆိုတာ အလုံးလား၊ အဝိုင်းလားတောင် မသိတဲ့အထိ ဖြစ်နေတယ်ဆိုတာ မြန်မာသိ၊ ကမ္ဘာသိ ကြော်ငြာဝင်လိုက်တာပဲလို့ ပေါက်စ ခံစားနားလည် ခွင့်လွှတ်ပါတယ်ဗျာ။

သံတမန် ကျင့်ဝတ်သိက္ခာအရ တည်ဆဲအစိုးရကို ဆန့်ကျင်တာမျိုး၊ သံရုံးစိုက်ရာ အိမ်ရှင်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တာမျိုး၊ အဲသဟာမျိုးတွေကို လုပ်ခွင့်မရှိဘူးဗျာ။

သို့သော်လဲတဲ့ အချို့အချို့သော အင်အားကြီးအနောက်အုပ်စု နိုင်ငံတွေ ကတော့ သံတမန်ကျင့်ဝတ်သိက္ခာကို အလေးမထား၊ ဂရုမစိုက်ဘဲ သူကြီးသား လူမိုက်တွေလို မင်းမဲ့စရိုက်သောင်းကျန်းမှုထဲမှာ စီးမျောပျော်ဝင်ပြီး ထမင်းဖိုး၊ ဟင်းဖိုးပေးတာတွေ၊ အခမဲ့ပြန်ကြားရေးအရာရှိ လုပ်တာတွေ၊ ဆရာကြီး လုပ်နေ တာတွေအပြင် ဒီနေ့အထိလဲ စာပို့လုလင်အလုပ်တို့၊ ဆက်သားအလုပ်တို့၊ ဓာတ်ပုံဆရာအလုပ်တို့၊ အဲသလိုအလုပ်မျိုးတွေကို လုပ်လုပ်နေတာ မကြည့်ချင် ပေမယ့် မြင်နေရတာပဲခင်ဗျာ။ ဒါတွေကို အမျိုးသားရေးဆရာကြီးဆိုသူ မသိတာတော့ မဖြစ်နိုင်ဘူးခင်ဗျ။ ဘာကြောင့်လဲဆိုရင် ဒီကနေ့ ရင်ကော့ ကြွေးကြော်နေသူ အဲဒီပုဂ္ဂိုလ်ကြီးဟာ တစ်ချိန်တစ်ခါက အင်အားကြီးနိုင်ငံတစ်ခုရဲ့ သံရုံးမှာ အခစားအမှုထမ်းလုပ်ခဲ့တဲ့ အငြိမ်းစားကြီး အလိုတော်ရိ မဟုတ်ပါလား ခင်ဗျား။

အဲ-အဲ- စကားလမ်းကြုံလာတော့လဲ ပြောစရာတွေ ရှိလာသဗျ။ အမျိုးသား ရေး ဦးဝင်းနိုင်ဆိုသူပြောသွားတဲ့ ဟိုသံရုံး၊ ဒီသံရုံးတွေက ထမင်းဖိုး၊ ဟင်းဖိုးလေး စွန့်ကြဲပေးကမ်းဖို့အတွက် အဲဒီသံရုံးတွေရှေ့မှာ သွားသွားပြီး လက်သီးလက် မောင်းတန်း၊ အင်အားပြရတဲ့အလုပ်ကလဲ သူတို့ရဲ့ ဒုက္ခတစ်မျိုးပေါ့ဗျာ။ ပေါက်စရဲ့ ရောင်းရင်းအပေါင်းအသင်းတစ်ဦးက ရင်ဖွင့်ညည်းတွားခဲ့တယ်။ ဒါ့အပြင် ကွယ်လွန်သူ စာရေးဆရာကြီးတစ်ဦးကတော့ စိတန်းလမ်းလျှောက် ကြွေးကြော်ရင်းနဲ့ ထမင်းဖိုး ဟင်းဖိုးပေးတဲ့ သံရုံးရှေ့မှာ အင်အားပြမယ်ဆိုတာ လဲသိရော မင်းတို့က သူတို့သြဇာခံ၊ သူတို့အကြိုက်လိုက်လုပ်နေတာပဲ။ ငါကတော့ သူတို့ကို မယုံကြည်ဘူး၊ ငါတော့လက်မခံဘူး၊ လိုက်လဲမလိုက်တော့ဘူးဆိုပြီး လမ်းခွဲခဲ့တာကိုလဲ ပေါက်စ ကြားလိုက်၊ သိလိုက်ရသဗျ။

ထားလိုက်ပါတော့ဗျာ၊ ရှစ်လေးလုံးမင်းမဲ့စရိုက် သောင်းကျန်းမှုရဲ့ အနိဋ္ဌာရုံတွေဟာ စာဖွဲ့လို့မကုန်အောင်ရှိနေတော့ ပေါက်စပြောနေရင် ပေရှည်သွား မှာဖြစ်သဗျ။ အဲသလောက် အနိဋ္ဌာရုံတွေ လွှမ်းနေတဲ့ မင်းမဲ့စရိုက်သောင်း ကျန်းမှုကြီးကိုပဲ အောက်မေ့ဖွယ်အစီအစဉ်အဖြစ် တခမ်းတနားလုပ်ပြီး ပြည်ပ အသံလွှင့်ဌာနတွေက ထုတ်လွှင့်တာဟာ မြန်မာနိုင်ငံမှာ အဲသလို မင်းမဲ့စရိုက် သောင်းကျန်းမှုမျိုး တစ်ကျော့ပြန်လာဖို့အတွက် လှုံ့ဆော်သွေးထိုး တာလားလို့ ပေါက်စ မေးပါရစေဗျာ။

တစ်ခုတော့လဲ ပေါက်စတို့ မြန်မာပြည်သူတွေအတွက် အမြတ် ထွက်တယ်လို့ ပြောနိုင်သဗျာ့။ အမျိုးသားရေး ဦးဝင်းနိုင်တို့လို နိုင်ငံရေး ဇာတ်ပျက် လူတန်းစားများရဲ့ ဒီမိုကရေစီဖြစ်ပေါ်ရေး ဖော်မြူလာ နည်း စနစ်ကတော့ တိုင်းပြည်နဲ့လူမျိုး ဘာပဲဖြစ်ဖြစ်၊ သွေးပင်လယ်ထဲမှာ ပြည်သူ တွေ နစ်လဲပြသနာမရှိ၊ တိုင်းပြည်ကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပြီး ပြာပုံဘဝရောက်လဲ နိုး-ပရော်ဗလမ် (No Problem) ဆိုတဲ့ ဒီမိုကရေစီ စည်းစိမ်စံစားရေးအတွက် တိုင်းပြည်နဲ့လူမျိုးကိုစတေးမယ့် အာဏာရမ္မက် ဒီမိုကရေစီပဲ ဖြစ်တယ်ဆိုတာ ပြည်သူတွေ နားနဲ့ဆတ်ဆတ် ကြားလိုက်ရ တာပေါ့ဗျာ။

ကဲ-ပေါက်စ စကားတစ်ထောက်နားပါတော့မယ်။ အခုလို VOA ရဲ့ ရှစ်လေးလုံးအောက်မေ့ဖွယ် ထူးရှယ်အစီအစဉ်ကြီးမှာ အမျိုးသားရေး ဦးဝင်းနိုင် ဆိုသူ နိုင်ငံရေးဇာတ်ပျက် ပုဂ္ဂိုလ်အကောင်းစားကြီးရဲ့ သုံးသပ်တဲ့ဗျူးခန်းမှာ စကားစကားပြောပါများတော့ စကားထဲက ဇာတိပြလာတဲ့အတွက် ဦးဝင်းနိုင် အပါအဝင် ဒီမိုကရေစီလိုလားသူများဟူသော နိုင်ငံရေးဇာတ်ပျက်များ၊ နိုင်ငံရေး အထည်ကြီးပျက်များနဲ့ ပြည်တွင်းပြည်ပ ရှိရှိသမျှ အဖျက်သမား အားလုံးဟာ အာဏာရမ္မက် ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းကို မိုက်မဲရူးသွပ်စွာ ဦးတည်ရှေးရှုနေတယ်ဆိုတာ နိုင်ငံရေးဇာတ်ပျက် ပုဂ္ဂိုလ်အကောင်းစားကြီး ဦးဝင်းနိုင်ကိုယ်တိုင် ကမ္ဘာသိ၊ မြန်မာသိအောင် မရှက်မကြောက် ကြော်ငြာ လိုက်တာဖြစ်တယ်လို့ပဲ ပေါက်စအပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီး များက သဘောပေါက်နားလည်ကြပြီး **လိပ်ပြဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုတဲ့ စကားနဲ့ အခမဲ့ သနားနေကြပါတယ်ခင်ဗျား။ ။

ဆုချီးမြှင့်

အင်းစိန် အလက(၁)မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေး နှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်း အနားကိုသြဂုတ် ၂၈ရက်က ကျောင်း ခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာကြီး ဦးတင်အေးက သူငယ် တန်းမှ တတိယတန်းအထိ လေးနှစ် ဆက်တိုက် ပထမဆုရ မိသန္တာလှိုင် အား ဆုချီးမြှင့်စဉ်။

(ဝ၄၆)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြင်းမိုရ်လမ်း အမှတ် ၁၈နေ ရှေ့နေ ချုပ်ရုံး ညွှန်ကြားရေးမှူး(ငြိမ်း) ဦးငွေ ထွန်း၊ဇနီး ဒေါ်ညွန့်ညွန့်တင်မိသားစု တို့က ဒေါ်ညွန့်ညွန့်တင်၏ (၇၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာ ရေးမှူး ဦးအောင်သန်းထံ ပေးအပ် လှူဒါန်းစဉ်။

(က-ပ)

စာမျက်နှာ ၃ မှ

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ တည်ဆောက်မည့် ဧရိယာအတွင်း အထောက်အကူပြု အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံဧရိယာအတွင်း ပါဝင်ဖွဲ့စည်း တည်ဆောက်သွားမည့် အလုပ်ရုံများနေရာနှင့် ဒီဇိုင်းပုံစံ၊ ရေရရှိရေးအတွက် ဆောင်ရွက်ထားမှု၊ စက်ရုံဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးပြီးစီးမှု၊ အထောက်အကူပြု လုပ်ငန်းများဖြစ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အအုံများ၊ လမ်းများ၊ ခြံစည်းရိုးများ ဖောက်လုပ်ကာရံ ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးပြီး စက်ရုံဧရိယာအတွင်း သစ်တောသစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်သွားရေး၊ ရတနာတန်းဝင် အဖိုးတန်ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် ကဲ့သို့သော အဖိုးတန်သစ်ပင်များ ဖြည့်စွက်စိုက်ပျိုးရေးနှင့် စက်ရုံမြေလွတ်နေရာများတွင် သီဟိုဠ်၊ သရက်စသည့် စားသုံးသီးပင်များ စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ရုံစီမံကိန်း တာဝန်ရှိသူများ၊ ပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ယခု ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်းမှာ မိမိတို့ ၁၉၉၈ ခုနှစ်ကပင် စတင်ကြိုးပမ်းခဲ့သော စီမံကိန်းတစ်ရပ်ဖြစ်ပြီး ယခုနှစ် နိုင်ငံဘက်စုံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ အကောင်အထည်ဖော် ဖြစ်ထွန်းလာသည့် စီမံကိန်းတစ်ရပ် ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု အစဉ်အဆက် ဖြစ်ထွန်းခဲ့ကြောင်း၊ ယခုအခါ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုသို့ တိုးမြှင့်လာခဲ့ကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ များစွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုစက်ရုံ စီမံကိန်းကဲ့သို့ နှစ်နိုင်ငံစက်မှုစီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ ပေါ်ထွန်းလာသည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးစက်ရုံ စီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတကာ အရည်အသွေးမီ အင်ဂျင်စက်ပစ္စည်းများ ထုတ်လုပ်နိုင်စေရေအောင် တရုတ်ပညာရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များ၊ ပညာရှင်များက နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်နှင့်အညီ ယခုစက်ရုံ စီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံစက်မှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အရည်အသွေးပြည့်ဝကောင်းမွန်သည့် ဒီဇယ်အင်ဂျင်ပစ္စည်းများ ထုတ်လုပ်သွားရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကလည်း လမ်းညွှန်ထားပါကြောင်း ပြန်လည်တင်ပြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီမံကိန်းဆိုင်ရာ ပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာ အရိပ်အလှူ၊ ပန်းအလှူ၊ ထာဝရပန်းဒါန သစ်ပင်စိုက်ပျိုးပူဇော်

ရန်ကုန် ဩဂုတ် ၃၀

ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာဝန်းကျင်၌ အရိပ်အလှူ၊ ပန်းအလှူ၊ ထာဝရပန်းဒါန သစ်ပင် စိုက်ပျိုးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ဖြစ်သည့် ယနေ့နံနက် ၇နာရီခွဲတွင် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာအနီးရှိ ရှင်းလင်းဆောင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေ ဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

သီလဆောက်တည်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်အား ရည်မှန်းလျက် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာဝန်းကျင်၌ စိုက်ပျိုးမည့် ပွင့်ရာဇော်ဓိအင်ကြင်းပင်၊ ကံ့ကော်ပင်၊ ဗန္ဓုရသရက်ပင်နှင့် ခရေပင်တို့အား ဆရာတော် သံဃာတော်များထံ ဆက်ကပ်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုက်ပျိုးပေး

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် သစ်ပင်စိုက်ပျိုးပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ရှင်ဥပဂုတ္တကန်တော် မင်္ဂလာရှေ့၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှူဒါန်းသော ဗန္ဓုရသရက်ပင်အား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စိုက်ပျိုးမည့်နေရာ၌ နဝရတ်ကိုးပါး ကျောက်မျက်ရတနာများ ကြဲပက်၍ စိုက်ပျိုးပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အလှူရှင်များက ပွင့်ရာဇော်ဓိအင်ကြင်းပင်၊ ကံ့ကော်ပင်၊ ခရေပင်နှင့် ဆီအုန်းပင်၊ ဂျုံးဘားအုန်းပင်နှင့် စွန်ပလွံပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်းစိုက်ပျိုးပေးကြသည်။

ထို့နောက် ဘာသာရေး အသင်းအဖွဲ့များက ရှင်ဥပဂုတ္တကန်တော်မင်္ဂလာဝန်းကျင်၌ ပန်းအလှပင်များကို စိုက်ပျိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားမစတင်မီ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အဖြစ် ပန်းစေတီများနှင့် ပန်းပဒေသာပင်များ ဆက်ကပ်ပူဇော်လှူဒါန်းပွဲကို ရင်ပြင်တော်၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ပန်းစေတီများနှင့် ပန်းပဒေသာပင်များဖြင့် ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မုခ် လေးမုခ်ရှိ ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးတော်မူကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် အထက်ပစ္စယာ၌ သီတင်းသုံးတော်မူသော ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဆက်ကပ်ပူဇော် လှူဒါန်းကြသည်။

(သတင်းစဉ်)



စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံလုပ်ငန်းကော်မတီတို့ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၃၀

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး မြန်မာနိုင်ငံ လုပ်ငန်းကော်မတီနှင့် ဂျပန်နိုင်ငံ နင်ဘုစုရှုဗုဒ္ဓဘာသာအဖွဲ့ လုပ်ငန်းကော်မတီတို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ညှိနှိုင်းအစည်းအဝေးသို့ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ နင်ဘုစုရှုဗုဒ္ဓဘာသာအဖွဲ့မှ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘုန်းတော်ကြီးဟီရိုရှီဖူဂျီကုရနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။ (အပေါ်ပုံ)

အဖွင့်အမှာစကားပြောကြား

အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးအတွက် ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားကြပြီး ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၃၀

ကျောက်ပန်းတောင်းမြို့နယ် အသင်း(ရန်ကုန်)က ကြီးမှူး၍ သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ဝါဆို၊ ဝါကပ်တော်မူကြသည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနက အမှူးပြုသော စာချစာသင် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် အသက် ၇၅နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက်တွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်ရောက် မြို့နယ်သူမြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အားလုံး တက်ရောက်ကြည်ညို ပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် ဩဂုတ် ၃၀

၂၈–၈–၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးနှင့် စာမျက်နှာ(၈)၌ ဖော်ပြပါရှိသော ဓာတ်ပုံ ပုံစာများတွင် "ခရိအေးရှား သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇယ်ဂျ်ကိုစင်ဘာ"အစား "နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာ ဟိုးဝပ်ရိုက်ဒါ" ဟူ၍လည်းကောင်း၊ ကျောဖုံးနှင့် စာမျက်နှာ(၉)၌ ဖော်ပြပါရှိသော ဓာတ်ပုံ ပုံစာများတွင် "နယူးဇီလန်နိုင်ငံသံအမတ်ကြီး မစ္စတာပီတာ ဟိုးဝပ်ရိုက်ဒါ" အစား "ခရိအေးရှား သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇယ်ဂျ်ကိုစင်ဘာ"ဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

မိုးတစ်ကြိမ် နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ မေတ္တာသုတ်ပရိတ်ရွတ်ဖွားသရဇ္ဈာယ် ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာ၌ ထာဝရပန်းဒါနသစ်ပင်စိုက်ပျိုး

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆရာတော် ဦးဉာဏိသက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားစဉ်။ (မြန်မာ့အလင်း)

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူး၍ ရေကြည်တော်ဝတ်အသင်းက ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ပန်းပေါင်းစုံ ၈၄၀၀ ကပ်လှူပူဇော်ကြစဉ်။ (မြန်မာ့အလင်း)

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့က ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ အရိပ်အလှူ၊ ပန်းအလှူ ထာဝရ "ပန်း"ဒါနသစ်ပင်စိုက်ပျိုးပူဇော်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှူဒါန်းသည့် ဇမ္ဗူရသရက်ပင်ကို ဝန်ကြီးချုပ်ကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် စိုက်ပျိုးပေးစဉ်။ (မြန်မာ့အလင်း)

ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ အရိပ်အလှူ၊ ပန်းအလှူ ထာဝရ "ပန်း"ဒါန သစ်ပင်စိုက်ပျိုးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကျင်းပရာသို့ ဝတ်အသင်းများက သစ်ပင်များ သယ်ဆောင်လာကြစဉ်။ (မြန်မာ့အလင်း)

ဝါခေါင်လပြည့် မေတ္တာ အခါတော်နေ့ ဘုရားကျောင်းကန် စေတီများတွင် ကုသိုလ်ပြုသူများ စည်ကား

ဒေတ်မီသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာ နိုင်ငံ၏မျိုးရင်းသီးနှံများ ပီဇမျိုးရင်းမပျောက်ကွယ်အောင် စိုက်ပျိုးရေးသုတေသနပညာရှင်များထိန်းသိမ်း ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် သီးနှံစိုက်ပျိုးမှုစနစ်များ စမ်းသပ်ရှာဖွေဖော်ထုတ်ဖြန့်ဖြူးပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ရက်က ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံအတွင်း တည်ဆောက် တပ်ဆင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းများအလိုက် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ပေါင်းလောင်းရေလှောင်တမံ ပိုမိုခိုင်ခံ့ရန်အတွက် စဉ်ဆက်မပြတ် လေ့လာစစ်ဆေးနေမှုအခြေအနေနှင့် ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဓာတ်အားဖြန့်ဖြူးမှုတင်ပြ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးတာဘိုင်စက် အမှတ်(၄)တပ်ဆင်ပြီးစီး၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် တစ်ပြည်လုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ တာဘိုင်စက် အမှတ်(၃)ကို စက်တင်ဘာလအတွင်း စက်များတပ်ဆင်ပြီးစီး၍ ဓာတ်အား ထပ်မံဖြန့်ဖြူးပေးနိုင်မည့်အခြေအနေနှင့် တာဘိုင်စက်အမှတ်(၂)နှင့် စက်အမှတ်(၁)တို့ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း စက်များ တပ်ဆင်ပြီးစီးမည့် အခြေအနေနှင့် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို တိုးတက်စေ၍ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ပျဉ်းမနားမြို့၏ အရှေ့ဘက်၂၆မိုင်ခန့်အကွာ ပေါင်းလောင်းချောင်းပေါ်တွင်ပင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အရှိန်အဟုန်မြှင့်တင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တာဝန်ယူအကောင်အထည်ဖော်နေကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က စီမံကိန်းပါရည်မှန်းချက်အတိုင်း အောင်မြင်ပြီးမြောက်ရေးအတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ပြီး အချောသပ်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှနေ၍ ပေါင်းလောင်းရေလှောင်တမံ ရေဝင်မှု၊ ရေထိန်းသိမ်းထားမှု အခြေအနေကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရေပိုလွှဲလုပ်ငန်း၌ ရေခေါ်မြောင်း၊ ရေငြိမ်ကန်အဆင့်(၁)၊(၂)၊(၃)နှင့်(၄)တို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့မှတစ်ဆင့် ရေထိန်းမျှော်စင် (Intake Tower) တည်ဆောက်ပြီးစီးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဧရိယာအတွင်း သစ်ပင် သစ်တောများဖြင့် အမြဲတမ်း စိမ်းလန်းစိုပြည်နေစေရေးအတွက် သစ်တောဥပဒေစည်းကမ်းများနှင့်အညီ ကာကွယ်ကြိုးဝိုင်းတောများ သတ်မှတ်ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားရေးကို သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်တာဝန်ရှိသူတို့အား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းမြေအောက်ဓာတ်အားပေးစက်ရုံအတွင်းသို့ သွားရောက်၍ တာဘိုင်စက်အမှတ်(၁)၊(၂)၊(၃)နှင့်(၄)တို့၏ စက်တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC မှ Chairman, Mr. Feng Ke နှင့် အဖွဲ့ဝင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC မှ Chairman, Mr.Feng Ke နှင့် အဖွဲ့ဝင်များက ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အမှတ်တရပုံကို ဂါရဝပြု ပြန်လည်ပေးအပ်ကြသည်။

ယခုနှစ်မကုန်မီတပ်ဆင်ပြီးမည်

ပေါင်းလောင်းမြေအောက် ဓာတ်အားပေးစက်ရုံရှိ တာဘိုင်စက် အမှတ်(၄)မှာ စက်တပ်ဆင်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဓာတ်အားမဂ္ဂါဝပ် ၇၀ ကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် တစ်ပြည်လုံးသို့ ထုတ်လွှတ်ပေးလျက်ရှိပြီး ကျန်တာဘိုင်စက်သုံးလုံးမှလည်း ယခုနှစ်မကုန်မီ တပ်ဆင်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပျဉ်းမနားမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်စိုးနှင့် ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၂၈ရက်က ပျဉ်းမနားမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ပြသထားသည့် မြန်မာ့စပါးမျိုးကွဲများနှင့် သီးနှံဗီဇမျိုးကွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သုတေသနလုပ်ငန်း ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မျိုးစေ့ဘဏ်စည်းဝေးခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ဌာနသစ်တစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းထူထောင်ကာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို ပိုမိုထိရောက်ပီပြင်စွာ ဆောင်ရွက်လျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် နိုင်ငံတော်အတွက် လွန်စွာမှအရေးပါကြောင်း။

ယင်းသို့ နိုင်ငံတော်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို အားစိုက်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အခွင့်အလမ်းတိုးပွား

ဦးစီးဌာနတစ်ခု ဖြစ်လာသည့်အားလျော်စွာ ယခင်အခါက တစ်နိုင်ငံလုံးတွင် ပြန့်ကျဲလျက် သီးခြားစီဆောင်ရွက်နေကြသည့် သီးနှံအမျိုးမျိုးအတွက် သုတေသနဆိုင်ရာ စာအုပ်စာတမ်းများ၊ လမ်းညွှန်စာစောင်များ၊ မြန်မာ့စပါးမျိုးကွဲများ၊ သီးနှံဗီဇကွဲမျိုးများ၊ သီးနှံပရိုတိန်းဗီဇကို ခွဲခြားသည့် ခေတ်မီစက်ကိရိယာတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် လှည့်လည်လျက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စမ်းသပ်စိုက်ကွက်တွင် စမ်းသပ်စပ်မျိုးစပါး ၇၁ မျိုး စမ်းသပ်စိုက်ပျိုးပြသထားမှုနှင့် စမ်းသပ်စပ်မျိုးများဖြစ်သည့် ပြောင်း၊ စပါး၊ ဝါ၊ နေကြာ၊ ရေဆင်း စပ်မျိုးခရမ်းချဉ်သီးနှံ အမယ်များကိုလည်းကောင်း၊ မိုးနည်းဒေသနှင့်သင့်တော်သည့် စပါးမျိုး စမ်းသပ်စိုက်ကွက်၏ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မလေးရှားနိုင်ငံအမျိုးသားနေ့ ဝန်ကြီးဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၄ခုနှစ် ဩဂုတ်၃၁ ရက်၌ ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၇)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ခ်ဆီရီ ဆာရက် ဟာမစ် ဘင် ဆာရက်ဂျာဖာအယ်လ်ဘာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာယိုးနတ်(စ်)၊ဟက်(ဖ်)စထရွန်းအား ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာဂျန်၊ အီစယ်၊ နော့(ဒ်)လန်ဒါ၏ နေရာတွင် မစ္စတာယိုးနတ်(စ်)၊ ဟက်(ဖ်)စထရွန်းအားခန့်အပ်ရန် ဆွီဒင်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာယိုးနတ်(စ်)၊ဟက်(ဖ်)စထရွန်းသည် ၁၉၄၈ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ မွေးဖွားခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် လန်း(ဒ်)တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ အလုပ်စတင်ဝင်ရောက်ခဲ့ပြီး တီဟီရန်မြို့နှင့် ဝါရှင်တန်ဒီစီမြို့များရှိ ဆွီဒင်သံရုံးများတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၈၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ အလယ်အလတ်လမ်းစဉ်ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာကားလ်၊ဘစ်ထ်၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဆွီဒင်ကာကွယ်ရေးကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ယခုနှစ်အထိ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ပြည်သူ့ဥပဒေရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနကြီးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာယိုးနတ်(စ်)၊ ဟက်(ဖ်)စထရွန်းသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။ **(သတင်းစဉ်)**

စမ်းသပ်စိုက်ကွင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ ရက်က ပျဉ်းမနားမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စမ်းသပ်စိုက်ကွင်းတွင် စမ်းသပ်စိုက်ပျိုးပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဆက်လက်ဆောင်ရွက်မည်

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်စိုးက စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ခေတ်မီစိုက်ပျိုးရေးသုတေသနရလဒ်များ အသုံးချခြင်းဖြင့် လယ်ယာကဏ္ဍတိုးတက်၍ တောင်သူလယ်သမားများနှင့် နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးလာစေရန် မျှော်မှန်းလျက်ဖွဲ့စည်းထားမှု၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြစ်သည့် ရေတော် မိုးတော်အခြေအနေအတွက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေမြေအခြေအနေမပေးသော ဒေသများအတွက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေမြေဒေသမရွေးအသုံးပြုနိုင်သည့် နည်းပညာသုတေသနလုပ်ငန်းများ၊ အပင်ဇီဝနည်းပညာသုတေသနဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ မျိုးရိုးဗီဇစုဆောင်းခြင်း၊ အကဲဖြတ်မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးချခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးနှင့်နည်းပညာပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံမျိုး မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ သီးနှံစပ်မျိုးသုတေသနလုပ်ငန်းများ၊ မျိုးစေ့ဘဏ်လုပ်ငန်းနှင့် နည်းပညာပြန့်ပွားရေးအတွက် သုတေသနစမ်းသပ်ကွက်များ ဖော်ထုတ်ဆောင်ရွက်ခဲ့မှု၊ အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံအတွက်အရေးပါ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လုပ်ငန်းများကို တညီတညွတ်တည်းစုစည်းနိုင်သည့်အပြင် ခေတ်မီသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပင်မသီးနှံ ၁၀ မျိုးအတွက် ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်ရာ ယင်းပန်းတိုင်ကို ရည်မှန်းချက်များ သတ်မှတ်အချိန်ကာလထက်စော၍ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြင့် အထောက်အကူပြုကြရမှာဖြစ်ကြောင်း။

တစ်ပြည်လုံးဖြန့်ဖြူးပေးမည်

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုကပံ့ပိုးပေးရမှာဖြစ်သကဲ့သို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကလည်း တောင်သူလယ်သမားပြည်သူများအတွက် သီးနှံ မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် သီးနှံစိုက်ပျိုးမှုစနစ်များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် စမ်းသပ်ရှာဖွေ ဖော်ထုတ်ဖြန့်ဖြူးပေးရမှာဖြစ်ကြောင်း။

ပြည်သူများ ဝမ်းစာဖူလုံပြည့်စုံစေရေးအတွက် အထွက်နှုန်းကောင်းမျိုးများ၊ ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်မည့် အရည်အသွေးကောင်းမျိုးများ သုတေသနပြုထုတ်လုပ်ရင်း မိမိတို့နိုင်ငံ၏ မျိုးရင်းသီးနှံများ ဗီဇမျိုးရင်း ပျောက်ကွယ်မသွားစေရအောင် စိုက်ပျိုးရေးသုတေသနပညာရှင်များက ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ ပြခန်း(၁)၌ ပြသထားသည့်

ရေအရည်အသွေးစမ်းသပ်ခြင်းသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ် ၂၄၅ ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် "ရေအရည်အသွေး စမ်းသပ်ခြင်း" သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တတိယအကြိမ်

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ရေအရည်အသွေးစမ်းသပ်ခြင်းသင်တန်းကို ယခုအကြိမ်သည် စည်ပင်သာယာရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ တတိယအကြိမ် သင်တန်းပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှာ ပြည်နယ်/တိုင်းကိုးခုနှင့် AFT ၁၈ မြို့နယ်မှ သင်တန်းသား ၄၅ ဦးကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ သင်တန်းဖွင့်လှစ်သင်ကြားပေးမှာဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားသည့်အခါ AFT မြို့နယ်များမှ ကျေးရွာများနှင့် စာသင်ကျောင်းများ၏ ရေအရင်းအမြစ်တစ်ခုအပါအဝင် အခြားရေအရင်းအမြစ်လေးခု၊ ပေါင်း ရေအရင်းအမြစ် ငါးခုမှ ရေနမူနာ(Sample)ငါးခုကို စမ်းသပ်သွားမည်ဖြစ်၍ စုစုပေါင်း ရေနမူနာ (Sample) ၅၀၀၀ခန့် စမ်းသပ်သွားမှာဖြစ်ကြောင်း၊ သင်တန်းသားများအနေနှင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ရမှာဖြစ်ပြီး တိကျမှန်ကန်သည့် တိုင်းတာမှု၊ အချက်အလက်များ ရရှိနိုင်ရန်အတွက် သင်တန်း၌ သေသေချာချာ နားလည်သဘောပေါက်တတ်ကျွမ်းအောင် လေ့လာသင်ကြားကြရန်လိုကြောင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိခြင်းသည် ပြည်သူလူထု၏ ကျန်းမာရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ပြီး ပြည်သူများကျန်းမာမှ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများ၌ အကျိုးသက်ရောက်မှာ ဖြစ်ကြောင်း၊ ရေအရည်အသွေးမကောင်းသည့် ရေကြောင့် ကျန်းမာရေးကို မည်သို့ ထိခိုက်တတ်သည်ကို ပြည်သူလူထုအားပညာပေးနိုင်အောင် ကြိုးစားကြရန်ဖြစ်ကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်ပြီး ယူနီဆက် ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေးတာဝန်ခံ Chief WES Dr. Deepak Bajracharya က ရေအရည်အသွေးစမ်းသပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများက ဘင်ခရာအဖွဲ့နှင့်တွဲဖက်၍ 'မြန်မာ့ကျောင်း' သီချင်းကိုသီဆိုကာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းသူလေးများဖြစ်ကြသည့် မခင်ဇာခြည်ကိုနှင့် မခိုင်ရွှေလင်းတို့က အခမ်းအနားအစီအစဉ်များကိုဖတ်ကြားတင်ပြပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောလွန်းတင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖြစ်သည့် Computer Application Room & Computer Aided Instruction Room,Language Lab Room, Electronic Media (Video Lab) Room နှင့် Study Room တို့ကို လှည့်လည်ကြည့်ရှု၍ ခေတ်မီ သင်ထောက်ကူပစ္စည်းများ အသုံးပြုကာ ဆရာ ဆရာမများက သင်ကြားပို့ချပေးနေမှုနှင့် ကျောင်းသားကျောင်းသူများက သင်ယူလေ့ကျင့်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အိမ်တွင်းမှုသိပ္ပံခန်းကို ဝင်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ကျောင်း၏ နဝရတ်ခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မကြာင်ထုံ့နှင့် မဘွေဝါးဖောတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

စွမ်းရည်များပြသ

အစီအစဉ်အရ ကျောင်းသားကျောင်းသူများက အဆို အက အနုပညာစွမ်းရည်များကို ပြသကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးစောဘိုကြီးကြီးတို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေးအထောက်အကူပြုပစ္စည်းများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စာရေးခုံ၊ ထိုင်ခုံများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်ငါးသိန်း၊ ဦးစောအယ်လ်ဘိုကနောင် မိသားစုက ငွေကျပ်ခြောက်သိန်း၊ ဆရာ၊ မိဘနှင့် ကျောင်းသားဟောင်းများက ငွေကျပ်သုံးသိန်း၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးစောဘိုကြီးကြီးက ငွေကျပ်တစ်သိန်း၊ Grace Home က ငွေကျပ်တစ်သိန်း၊ ဦးစောပလာထူးက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဦးနှင်းစိန်-ဒေါ်မြငြိမ်း (အောင်သိန်းသစ်ဆိုင်)၊ ဦးမောင်မြင့်-ဒေါ်အေးသန်း(ထွန်းမြတ်သူကုမ္ပဏီလီမိတက်)၊ ဦးကျော်လှိုင်မိသားစု၊ သီရိမင်္ဂလာဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် ဦးအာဝါး(ရွှေငါးကုမ္ပဏီ)တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးစောလူးသာဘထွန်း၊ ဒေါ်လှဝင်း၊ ဦးမောင်မောင်ထွေးနှင့် ဒေါ်အေးအေးမော်၊ ဦးစောကျော်ဘနှင့် ဒေါ်မိမိစိုး၊ ဦးသိန်းထူး၊ ဒေါ်တင်အေး (မင်္ဂလာသက်ဝေဖြိုး ဆောက်လုပ်ရေး)၊ ဒေါ်အေးမြိုင်(ဝင်းဗိုလ်အောင်ဆောက်လုပ်ရေး)၊ ဦးသိန်းဝင်း(ဝင်းမြန်မာဆောက်လုပ်ရေး)၊ ဦးမြင့်ထွေး(ထွန်းစတားဆောက်လုပ်ရေး)၊ ဦးစိုးမြင့်ဦး (စိုးရှိုင်းဆောက်လုပ်ရေး)၊ ဦးဖေခင်-ဒေါ်ခင်ဝေမိသားစု၊ Great House (K.T.V&Beauty Saloon) နှင့် ဦးအောင်နိုင်မိသားစု (TKY Musical Instrument Centre)တို့က ငွေကျပ်ငါးသောင်းစီ တို့ကို ဒုတိယဝန်ကြီးဦးမျိုးညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်နိုင်အောင်၊ ခေတ်မီနည်းပညာများကို ကျောင်းစာသင်ခန်းများ၌ ထိရောက်စွာ အသုံးပြုတတ်အောင်၊ ထူးချွန်သည့်လူ့အရင်းအမြစ်မွေးထုတ်နိုင်အောင် ပညာရေးဝန်ကြီးဌာနက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား ကျောင်းသူများက 'ဇာတိမာန်' သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာလူငယ် ဟော်ကီလက်ရွေးစင်များအတွက် ဝတ်စုံလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲ (Under-21-Six Nations Challenge Cup)တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဟော်ကီလက်ရွေးစင် အားကစားသမားများအတွက် လေ့ကျင့်ရေးဝတ်စုံနှင့် ချွေးသိပ်ဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင် (ပြည်ပရေးရာ တာဝန်ခံ)နှင့် ဦးကျော်ကျော်လှိုင်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်းနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ SMM AUDIO မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမြတ်မိုးက လေ့ကျင့်ရေးဝတ်စုံ ၃၂ စုံနှင့် MMM ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းက ချွေးသိပ်ဝတ်စုံ (Track -Suit) ၂၄ စုံကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံရယူသည်။ **(ယာပုံ)** **(သတင်းစဉ်)**

စက်ချုပ်သင်တန်းဆင်းပွဲ၊ ဖွင့်ပွဲနှင့် အချက်အပြုတ်သင်တန်းဆင်းပွဲ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း အမှတ်စဉ် (၃၄/၂၀၀၄)ဆင်းပွဲ၊ စက်ချုပ်သင်တန်းအမှတ်စဉ်(၃၅/၂၀၀၄)ဖွင့်ပွဲနှင့် အချက်အပြုတ်သင်တန်း အမှတ်စဉ် (၁၇/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ကြီးကြပ်ကော်မတီဝင်နှင့် ဂုဏ်ထူးဆောင်နာယကများ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားပြီး အချက်အပြုတ်သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်သည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က စက်ချုပ်သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်သည်။

ထူးချွန်ဆုများချီးမြှင့်

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းထူးချွန်ဆုရ အချက်အပြုတ်သင်တန်းမှ မရီရီဝင်းနှင့် စက်ချုပ်သင်တန်းမှ မသက်ထားနွယ်တို့အား ထူးချွန်ဆုများ ချီးမြှင့်သည်။

ယင်းနောက် သင်တန်းသူများ၏ အမှတ်တရပစ္စည်းများကို သင်တန်းသူများက ပေးအပ်ရာ ကြီးကြပ်ကော်မတီဝင်နှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်စန်းစန်းမြင့်က လက်ခံပြီး သင်တန်းသူများ ကိုယ်စား အချက်အပြုတ်သင်တန်းမှ ဒေါ်လှအေးနှင့် စက်ချုပ်သင်တန်းမှ မသက်ထားနွယ်တို့က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာရင်းပေးသွင်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက စက်ချုပ်သင်တန်းများကို နှစ်လတစ်ကြိမ် ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိရာ အဆိုပါ သင်တန်းသို့ စိတ်ဝင်စားသူများ စာရင်းပေးသွင်း တက်ရောက်သင်ကြားနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ စက်ချုပ်သင်တန်း အမှတ်စဉ် (၃၄/၂၀၀၄) ဆင်းပွဲတွင် ထူးချွန်ဆုရ မသက်ထားနွယ်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးမည်

ရန်ကုန် ဩဂုတ် ၃၀

သာသနာရေးဝန်ကြီးဌာနသည် ၁၉၉၈–၉၉ခုနှစ်မှစတင်၍ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာန (ဗုဒ္ဓဂယာဘုရားဖူး) ခရီးစဉ်များကို ပို့ဆောင်ပေးလျက်ရှိရာ ယခု ၂၀၀၄–၂၀၀၅ခုနှစ်တွင်လည်း ယခင်နှစ်ကဲ့သို့ ဘုရားဖူးခရီးစဉ်များ ပို့ဆောင်ရန် စီစဉ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာန ဘုရားဖူးခရီးစဉ်များသည် ၁၅ရက်ခရီးဖြစ်ပြီး ရန်ကုန်မှ ကာလကတ္တား၊ ကာလကတ္တားမှ ပတ္တနားသို့ လေကြောင်းခရီးဖြင့်လည်းကောင်း၊ ပတ္တနားမှ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်(ဗာရာဏသီ)၊ သာဝတ္ထိ၊ လုမ္ဗိနီ(နီပေါ)၊ ကုသိနာရုံနှင့် ဝေသာလီဒေသများသို့ မော်တော်ယာဉ်ကြီးများဖြင့် လည်းကောင်း လှည့်လည်ကြည့်ရှုဖူးမြော်ပြီး လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ကိုယ်တိုင်လျှောက်လွှာတင်သွင်း

ဘုရားဖူးခရီးစဉ်များကို ၂၀၀၄ခုနှစ် အောက်တိုဘာလမှစတင်၍ ပို့ဆောင်ရန် စီစဉ်ထားရှိပြီး ဖြစ်ရာ ဘုရားဖူးသွားလိုသူများအနေဖြင့် သာသနာရေးဝန်ကြီးဌာနမှ တရားဝင် တာဝန်ပေးအပ်ထားသော ဘုရားဖူးအဖွဲ့ နှစ်ဖွဲ့ဖြစ်သည့် အကျိုးဆောင် ဒေါ်သဇင်မြင့်အောင်(အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) Power Palace Hotel အမှတ်(၁၆) ပြည်သာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–(သာသနာရေး)၀၁–၇၀၈၁၅၆၊ ၆၆၀၈၄၃၊ (ဟိုတယ်)၀၁–၅၄၄၂၈၇၊ ၅၄၈၂၁၀၊ ၅၄၉၆၆၈၊ ၀၉–၉၉–၂၆၁၀၈နှင့် အကျိုးဆောင် ဦးထိန်လင်း(ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း) အမှတ် (၅၅) ၁၇လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း–(သာသနာရေး)၀၁–၆၆၅၃၈၃၊ (ရုံး)၀၁–၂၂၅၉၈၉၊ ၂၂၅၉၁၅ တို့နှင့် ဆက်သွယ်၍ ကာယကံရှင်များ ကိုယ်တိုင် လျှောက်လွှာများတင်သွင်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၁–၈–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	မင်းကွန်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမော်ကွန်း **“ပထမဆယ်စုနှစ်”**(အပိုင်း–၁)
၇း၅၀	၆။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၇။	ကဗျာပန်းဥယျာဉ်
၈း၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၉။	ပုလင်းရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Grammar made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၀	၅။	ခံစားနားဆင် တေးဇာတ်ဝင်
၁၇း၁၅	၆။	မြန်မာစာ၊ မြန်မာစကား
၁၇း၃၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၁၀	၈။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း”**(အပိုင်း–၂၀)
၁၈း၃၀	၉။	ညနေခင်းသတင်း
၁၉း၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၁။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉း၂၀	၁၂။	ကြေးမုံရိပ်သွင်တေးနယဉ်
၁၉း၃၅	၁၃။	အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **“တစ်ရံရောအခါ”**(အပိုင်း–၁၈)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးရေချိန်

၃၀–၈–၂၀၀၄

မင်္ဂလာဒုံ
၀ ဒသမ ၅၂ လက်မ
ကမ္ဘာအေး
၀ ဒသမ ၁၂ လက်မ
ရန်ကုန်မြို့လယ်
၀ ဒသမ ၀၈ လက်မ

ပိတ်ဆို့ကာကွယ်

ဩဂုတ် ၃၀ ရက်က မိုးရာသီအလွတ်တန်း ဘော်လီဘော ပြိုင်ပွဲ အမျိုးသမီး အကြိုဗိုလ်လုပွဲတွင် ပြည်ထဲရေးအသင်း ရိုက်ချက်ကို ပို့ဆောင်ရေး(က) အသင်း ပိတ်ဆို့ ကာကွယ်စဉ်။

(မြန်မာ့အလင်း)

ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင်နေရာကွက်မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၃၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေကာ အနောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဩဂုတ် ၃၁ ရက် ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ဗဟန်းမြို့နယ်အလက(၁)မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၁၁နာရီက အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပရာ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် မိဘဆရာအသင်း အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

စက်သုံးဆီ ခြိုးခြံ ချွေတာရေး

- ❇ ကားတစ်စီး တစ်လ စက်သုံးဆီတစ်ဂါလန် ခြိုးခြံ ချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ❇ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅.၅ သန်း သက်သာမည်။
- ❇ ထိုငွေဖြင့် ဧရာဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ ဂျုံစိုက်ပျိုးလုပ်ကိုင်မည့် လုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံ အထွက်တိုးရေး ဦးစားပေးဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဩဂုတ် ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၈ရက် နေ့လယ်ပိုင်းက စစ်ကိုင်းတိုင်း အုန်းတောကျေးရွာ သီးနှံပိုးမွှားရောဂါကာကွယ်ရေးစခန်းသို့ရောက်ရှိပြီး ဂျုံစိုက်ပျိုးလုပ်ကိုင်မည့်လုပ်ငန်းရှင်များ၊ ဂျုံစိုက်တောင်သူများ၊ ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြမည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက စစ်ကိုင်းတိုင်းအတွင်းဂျုံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြမည့် လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာများအား ဂျုံစိုက်ပျိုးလုပ်ကိုင်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးပြီးပြည်ပသွင်းကုန်အစားထိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ နည်းပညာများရရှိရေး၊ စစ်ကိုင်းတိုင်းဒေသများသည် ဂျုံစိုက်ပျိုးမှုကောင်းသောဒေသများဖြစ်သောကြောင့် အထွက်တိုးရေး ဦးစားပေးဆောင်ရွက်ကြရန်နှင့်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက်တက်ရောက်လာကြသော ဒေသခံ ဂျုံစိုက်ပျိုးတောင်သူများက စစ်ကိုင်းတိုင်းအတွင်း ဂျုံစိုက်ပျိုးထွက်ရှိမှုအခြေအနေများနှင့်ဖြစ်ထွန်းအောင်မြင်မှုများကို လည်းကောင်း၊ ဂျုံစိုက်ပျိုးလုပ်ကိုင်ကြမည့် လုပ်ငန်းရှင်များက တိုးမြှင့် စိုက်ပျိုးမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ်တိုင်းမှူးနှင့်ဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မော်တော်ယာဉ်များနှင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် မုံရွာမြို့သို့ရောက်ရှိပြီးစစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညသလ္လာခန်းမ၌ကျင်းပသော ပြည်ပသွင်းကုန်အစားထိုးသီးနှံနှင့် ပြည်ပပို့ကုန် စိုက်ပျိုးတိုးမြှင့်ထုတ်လုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့ကအမှာစကားများပြောကြားကြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့်တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဂျုံစိုက်တောင်သူများ၊ ဂျုံစိုက်ပျိုးရေးလုပ်ငန်းရှင်များကလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများ၊ ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဩဂုတ် ၂၉ရက် နံနက်ပိုင်းတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင် လိုက်ပါလျက် မုံရွာမြို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတိုင်းမန်နေဂျာရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ဩဂုတ်၂၉ရက်က တာမွေမြို့နယ် မြို့ဦးပရိယတ္တိစာသင်တိုက်၌ အမက(၇)တာမွေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မျိုးစိုးနှင့် ဆရာမများက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမုဒ (သာသနဓဇ ဓမ္မာစရိယ၊မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၅)

အမျိုးသား အမျိုးသမီးအဖွဲ့လိုက်ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၄ခုနှစ် အမျိုးသား အမျိုးသမီးအဖွဲ့လိုက်ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ၃နာရီက ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အမျိုးသားသက်ကြီးတန်း ပထမဆုရ အားကစားဝန်ကြီးဌာန (က)အသင်းကိုလည်းကောင်း၊**(အောက်ပုံ)**၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးသက်ကြီးတန်းပထမဆုရ ကုက္ကိုင်း(က) အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသား သက်လတ်တန်း ပထမဆုရအားကစားဝန်ကြီးဌာန(က)အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ခင်ဆွေမြင့်က အမျိုးသမီးသက်လတ်တန်းပထမဆုရ ရန်ကုန်ရေကူး(က) အသင်းကိုလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးမြင့်ထွန်းကအမျိုးသားသက်ငယ်တန်း ပထမဆုရ ပြည်ထဲရေး(က) အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အမှုဆောင်ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီးသက်ငယ်တန်းပထမဆုရရန်ကုန်ရေကူး(က)အသင်းကိုလည်း ကောင်း တံခွန်စိုက်ဆုဖလားများပေးအပ် ချီးမြှင့်ကြသည်။

ယခုနှစ် ဇူလိုင်၃၀ရက်ကကျင်းပခဲ့သော မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားအမျိုးသား အမျိုးသမီးရေကူးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးချိုမောင်က အမျိုးသမီးမီတာ ၈၀၀ ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသားမီတာ ၁၅၀၀ ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်းအောင်နိုင်ဆုများပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် အဖွဲ့လိုက်ရေကူးပြိုင်ပွဲ၌ စံချိန်သစ်တင်သူများအား အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်း၊ ရန်ကုန်ရေကူးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်နှင်းသူတို့ကဆုများချီးမြှင့်သည်။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အထူးဆုအဖြစ် အမျိုးသား သက်လတ်တန်းနှင့် သက်ကြီးတန်းပြိုင်ပွဲတံခွန်စိုက်ဆုဖလားရ အားကစားဝန်ကြီးဌာန အသင်းအား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းပေးအပ်ချီးမြှင့်ခဲ့သည်။ ယခုအဖွဲ့လိုက်ရေကူးပြိုင်ပွဲတွင် စံချိန်သစ် ခုနစ်ခုတင်နိုင်ခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၉ရက်က ကျောင်းခန်းမတွင် ကျင်းပရာ စာပေထူးချွန်ပထမဆုရ တတိယတန်းမှ မောင်အာကာမော်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင်က ဂုဏ်ပြုဆုပေးအပ်စဉ်။ (၂၅၉)

ဆုချီးမြှင့်

သာကေတမြို့နယ် အခြေခံပညာမူလတန်းတန်းကျောင်း အမှတ်(၄၂)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဩဂုတ် ၂၉ရက်က ကျောင်းခန်းမ၌ ပြုလုပ်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်သင်းက ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မချယ်ရီသန်းထိုက်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလအသင်း (ဘီဘီအမ်အေ)၏ (၈၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၂၅ရက်က အမှတ်၁၈၇/၁၈၉ အနော်ရထာလမ်း လမ်းမတော်မြို့နယ်ရှိ အသင်းရုံးတွင်ကျင်းပရာ အစည်းအဝေးမှ ဥက္ကဋ္ဌ ဦးစောဖေညွန့်နှင့် အကျိုးတော်ဆောင်ချုပ် ဦးမြင့်သန်းတို့အား ရွေးချယ်တင်မြှောက်ဖွဲ့စည်းပြီး ဥက္ကဋ္ဌ ဦးစောဖေညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (က-ပ)

ဩဂုတ်၂၄ရက်က ဒလမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၄) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် သူငယ်တန်းမှစတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်မျိုးမင်းဦးအားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝမ်း က ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ-ဟောင်ကောင် ချစ်ကြည်ရေးခြေစမ်းဘောလုံးပွဲယှဉ်ပြိုင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကစ်ချီကလပ်သရေကျ

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဩဂုတ် ၃၀

မြန်မာ-ဟောင်ကောင်ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟောင်ကောင် ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက် နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ဟောင်ကောင်ကစ်ချီကလပ်အသင်းသည် ပထမပွဲစဉ်၌ အဖွဲ့ချုပ်ညွှန့်ပေါင်းလက်ရွေးစင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသဖြင့် ယနေ့ပွဲ၌ နိုင်ပွဲဆက်ရန် ကြိုးစားကစားသော်လည်း သရေနှင့်သာကျေနပ်လိုက်ရသည်။ ဟောင်ကောင်ကစ်ချီကလပ်အသင်း၏ ကစားဟန်ကို ပထမပွဲစဉ်၌ ကြိုတင်လေ့လာခွင့်ရရှိခဲ့သဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် နည်းဗျူဟာချမှတ်နိုင်ကာ မိမိတို့ထက် လူကောင်ထွားကျိုင်းပြီး ဘောလုံးပညာကောင်းမွန်သော အဆင့်မြင့် ကစ်ချီကလပ်အသင်းကို ခြေရည်တူကစားနိုင်ခဲ့သည်။ ဟောင်ကောင်ကစ်ချီကလပ်အသင်းသည် ပထမပွဲစဉ်ကဲ့သို့ပင် ဒုတိယပိုင်း၌လူစားများများလဲကာ တိုက်စစ်အား မြှင့်တင်သော်လည်း ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကြံ့ခိုင်မှုနှင့် သက်လုံမကျ၍ ထင်တိုင်းမပေါက်ဘဲ ဖြစ်သွားရသည်။

ဦးဆောင်ဂိုး

ဟောင်ကောင်ကစ်ချီကလပ်အသင်းသည် ပထမပွဲစဉ်၌ ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သလို ယနေ့ပွဲစဉ်၌လည်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ကစ်ချီကလပ်အသင်းအတွက်ဦးဆောင်ဂိုးကို ပွဲစပြီးငါးမိနစ်အကြာတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၏ ပယ်နယ်တီဧရိယာအပြင်ဘက် ၁၈ကိုက်စည်းထိပ်မှ ယူဂိုဆလားဗီးယားလူမျိုး ကြေးစားဘောလုံးသမား ကျောနံပါတ်(၂၂) Jovanovic Mihailoက ဝါးလုံးထိုးကန်သွင်းယူသည်။ Jovanovic Mihailo သည် ပထမပွဲစဉ်၌ ဒုတိယဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ဂိုးပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး လျင်လျင်မြန်မြန် ကစားလာခဲ့သော်လည်း စိုးရိမ်စိတ်များနေ၍ လူပေးမှားပြီး ပြန်လည်အဖိခံခဲ့ရသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အကွက်စိပ်စိပ် အနီးပေးကစားရာ တစ်ဖက်အသင်းက ဘောလုံးလမ်းကြောင်းများကို ပိတ်ဆို့ကစား၍ ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ပေ။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ညာခြမ်းမှအဓိက ထိုးဖောက်ကစားပြီး ကစ်ချီကလပ်ဂိုးဧရိယာအတွင်း ဘောလုံးများ ဆွဲယူနိုင်သော်လည်း ဘယ်ခြမ်းမှ ဝင်မဖြည့်နိုင်ဘဲဖြစ်နေသည်။ ညာအစွန်မှ ကျော်မင်းသက် ဘောလုံးဆွဲယူလာပြီး ကစ်ချီကလပ်အသင်း ဂိုးရှေ့သို့ဖြတ်ထိုးပေးရာ အောင်ချမ်းမင်း ကန်ခွင့်ရသော်လည်း နောက်ကျသွား၍ နောက်တန်းမှ ဖျက်ထုတ်ခြင်းခံလိုက်ရသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်း သေချာပေါက်ဂိုးရနိုင်သော အခွင့်အရေးတစ်ခု လက်လွတ်ခဲ့ရခြင်းပင်ဖြစ်သည်။

ချေပဂိုး

ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမပိုင်းမှာပင် ကစားသမားသုံးဦး လူစားလဲကစားပြီး အသင်း၏အားနည်းချက်များကို ပြုပြင်ခဲ့သည်။ လူစားလဲမှန်ကန်မှုကြောင့် တစ်ချိန်ထက်တစ်ချိန် ကစားကွက်စေ့လာပြီး သူတင်ကိုယ်တင်ကစားလာနိုင်သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ချေပဂိုးကို ပွဲချိန်၂၇မိနစ်တွင် အလယ်တန်းလူ ဟိန်းထက်နောင် ညာခြမ်းမှ ဘောလုံးဆွဲယူလာပြီး နောက်တန်းလူကို ကျော်ဖြတ်၍ ဂိုးရှေ့ဖြတ်ထိုးပေးရာ ကျော်မင်းသက်က အပိုင်ပိတ်သွင်းယူသည်။ ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြစ်နေသည်။

ပယ်နယ်တီဂိုး

ဒုတိယပိုင်းပြန်စသည်နှင့် ကစ်ချီကလပ်အသင်းက ကစားအားတင်ပြီး လျင်လျင်မြန်မြန် အပေးအယူလုပ်ကစားလာသည်။ ပထမပိုင်း၌ တစ်ဖက်အသင်း၏ အနေအထားကို ကြည့်၍ ခပ်မှန်မှန် ခပ်လေးလေး ကစားနေခဲ့သော်လည်း ဒုတိယပိုင်း၌ ခပ်ကြမ်းကြမ်း ဝင်ထွက်ကစားလာသည်။ ကစ်ချီကလပ်အသင်းအတွက် ဒုတိယဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲချိန်မိနစ်၅၀တွင် ကစ်ချီကလပ်အသင်းက ဘောလုံးဆွဲယူလာစဉ် ကာကွယ်ရေးဝန်ကြီးဌာနအသင်း နောက်တန်းလူက နောက်မှအင်္ကျီလှမ်းဆွဲမိ၍ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ပထမဂိုးသွင်းယူသည့် ကျောနံပါတ် (၂၂) Jovanovic Mihailo ကပင် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ဒုတိယဂိုးအသွင်းခံရပြီးနောက် အားထားရသော အမာခံကစားသမားများကို လူစားလဲကာ တိုက်စစ်အား ထပ်မံမြှင့်တင်ခဲ့သည်။ ကစ်ချီကလပ်အသင်းက ဒုတိယပိုင်းတွင် တစ်ဖက်အသင်း ကစားအားကျသွားမည်ဟု တွက်ဆထားပုံရပြီး လူစားများလဲလှယ်၍ တိုက်စစ်အားမြှင့်သော်လည်း ကာကွယ်ရေးဝန်ကြီးဌာနအသင်း၏ နည်းဗျူဟာကောင်းမွန်မှုကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ။

ဒုတိယချေပဂိုး

ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန်

> **ဖျက်ထုတ်**
>
> **ဟောင်ကောင် ကစ်ချီကလပ်အသင်းမှ ထိုးဖောက်မှုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နောက်ခံလူ ဤသို့ဖျက်ထုတ်စဉ်။**
>
> (မြန်မာ့အလင်း)

မိနစ် ၈၀တွင် ကစ်ချီကလပ် ပယ်နယ်တီ ဧရိယာအပြင်ဘက် ၁၈ကိုက်စည်းအပြင်မှ နောက်မှ လိုက်တက်လာသော နောက်တန်းလူသန့်ဇင်ဦးက တိုက်ရိုက်ကန်သွင်းရာ ကစ်ချီကလပ်ဂိုးသမားဖမ်းသော်လည်း လက်ထဲမှ အန်ထွက်ပြီး ဂိုးဝင်သွား၍ ဒုတိယချေပဂိုးရရှိခဲ့သည်။ ကစ်ချီ ကလပ်အသင်းသည် ချေပဂိုးပေးလိုက်ရပြီးနောက် လူစားများ ထပ်မံလဲလှယ်ကစားရာ ရှစ်ဦးတိတိလူစားလဲကစားသွားသည်။

ပွဲချိန် ၈၂မိနစ်တွင် ကစ်ချီ ကလပ်အသင်းမှ ကျောနံပါတ် (၁၈) Chan Siu Kiက ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နောက်တန်းကစားသမားကို ကြမ်းတမ်းစွာ ဖျက်ကစားသဖြင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသည်။ ကစ်ချီ ကလပ်အသင်းသည် လူစားလဲခွင့် ရှစ်ဦးရရှိသည်ကို အပြည့်အဝအသုံးချပြီး အနိုင်ဂိုးရရှိရေး အထူးကြိုးစားကစားသော်လည်း ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကြံ့ကြံ့ခံကစားကာ တန်ပြန်တိုက်စစ် ဆင်နိုင်ခဲ့သည်။ ပွဲပြီးခါနီးတွင် ကစ်ချီ ကလပ်အသင်းက အပြင်းအထန်ထိုးဖောက်ကစားသော်လည်း ကာကွယ်ရေးဝန်ကြီးဌာနအသင်း နောက်တန်းက အကွက်စေ့စေ့ ဖျက်ထုတ်နိုင်ခဲ့၍ နှစ်ဂိုးစီသရေပွဲ နှင့် အဆုံးသတ်ခဲ့ရသည်။

သူတို့ပါဝင်

ကာကွယ်ရေးဝန်ကြီးဌာနအသင်းတွင် **(ဂိုး)**ထွန်းထွန်းလတ်၊ **(နောက်တန်း)** ငွေအောင်(ဇော်ဇော်)၊ နိုင်ကိုဟုတ် (သီဟလွင်)၊ ကျော်ကိုကိုဝင်း(ဝုက်ဇာကမ်း)၊ အောင်စိုးကြူ **(အလယ်တန်း)** ကျော်မင်းသက် (စန်းမောင်)၊ မောင်မောင်အောင် (နေဝင်းအောင်)(သန့်ဇင်ဦး)၊ ကျော်ကျော်မောင်၊ ကျော်ကျော်လင်း (မင်းမင်းထွန်း)၊ **(ရှေ့တန်း)** အောင်ချမ်းမင်း(အောင်မိုးဦး)နှင့် ဟိန်းထက်နောင်တို့ ပါဝင်ကစားခဲ့ကြသည်။

တွေ့ဆုံမေးမြန်း

ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ ရှေးဦးစွာ ကစ်ချီအသင်းမှ နည်းပြချုပ် Mr. Cheng Sin Siu Chung အား ခြေစမ်းပွဲအပေါ် သဘောထားအမြင်ကို မေးမြန်းရာ"ပထမပိုင်း၌ မိမိတို့ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ခဲ့ကြောင်း၊ ပထမပွဲက တာထွက်ကစားသမားများကို အနည်းငယ် ပြောင်းလဲထားကြောင်း၊ မိမိတို့ပထမပိုင်း၌ အကောင်းဆုံး ကစားနိုင်ခဲ့ကြောင်း၊ ကာကွယ်ရေးအသင်း ကစားပုံမှာကျော့ပြီး ကြံ့ခိုင်မှုလည်း ကောင်းပါကြောင်း၊ ဒုတိယပိုင်း၌ မိမိတို့မျှော်လင့်ထားသည်ထက် ခက်ခက်ခဲခဲကစားခဲ့ရကြောင်း၊ ဒုတိယချေပဂိုးပေးလိုက်ရသည်မှာ မိမိတို့ ဂိုးသမားအမှားကြောင့်ဖြစ်ကြောင်း၊ အနိုင်ရမည်ဟု ထင်ခဲ့သော်လည်း ရလဒ်ကို ကျေနပ်ပါကြောင်း၊ ဟောင်ကောင်မှ အဆင့်မြင့်တန်း အသင်းများနှင့် နှိုင်းယှဉ်လျှင် ကာကွယ်ရေးအသင်း အတွေ့အကြုံပိုင်း၌ လိုအပ်နေသေးကြောင်း၊ ကြံ့ခိုင်မှုနှင့် လျင်မြန်မှုကောင်းမွန်သော်လည်း ကျွမ်းကျင်မှုအပိုင်း လိုအပ်မှုများရှိနေသေးသည်ဟု ထင်ပါကြောင်း၊ နောက်ပွဲစဉ်များ၌ အကောင်းဆုံးကစားရန် ပြင်ဆင်သွားမည် ဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီး ဌာနအသင်း နည်းပြချုပ် ဦးအေးကြူကြီးအား ခြေစမ်းပွဲအပေါ် သဘောထားအမြင်ကို မေးမြန်းရာ "မိမိတို့အနေဖြင့် ပထမပွဲစဉ်က ကစ်ချီကလပ်အသင်း၏ အနေအထားကို မှတ်သည်ပြီး ပြင်ဆင်ခဲ့ကြောင်း၊ ပထမပိုင်း၌ ကစ်ချီအသင်းက ဘောလုံးပိုင်ဆိုင်မှုဖြင့် ကစားကွက်ကို ထိန်းချုပ်ကစားခဲ့ကြောင်း၊ ပထမပိုင်း၌ မိမိတို့အသင်း ကစားကွက်ပျက်ခဲ့သည်မှာ လူငယ်များကို ပွဲထုတ်ခဲ့၍ဖြစ်ကြောင်း၊ ကြံ့ခိုင်မှုချင်း ယှဉ်နိုင်ရန်မလွယ်၍ ပထမပိုင်း၌ တစ်ဖက်အသင်း၏ အင်အား တစ်ဝက်လောက် ကျဆင်းသွားအောင် ဖြုန်းပေးသည့်သဘောပင်ဖြစ်ကြောင်း၊ ဒုတိယပိုင်း၌ အမာခံကစားသမားများကို ပွဲထုတ်၍ မိမိတို့လိုချင်သည့် ကစားကွက်ကို ချမှတ်ခဲ့ကြောင်း၊ ပထမပိုင်း၌ မိမိတို့ကို ကစ်ချီကလပ်အသင်းက လျှော့တွက်ပြီး ကစားပုံရကြောင်း၊ ပထမပိုင်း၌ ကစ်ချီကလပ်အသင်း ကစားပုံတည်ငြိမ်ပြီး ဒုတိယပိုင်းရောက်မှသာ ကစားအား တင်ကစားခဲ့ကြောင်း၊ အဝေးပေးအမြင့်ဘောများဖြင့် လျင်လျင်မြန်မြန်ကစားလာကြောင်း၊ မိမိတို့ပထမပိုင်း၌ ဂိုးမပေးရရေးကို အဓိကထားကစားခဲ့၍ ကစားကွက်မပေါ်ခဲ့ကြောင်း၊ ရလဒ်ကို ကျေနပ်ပါကြောင်း၊ မိမိအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ဇူလိုင် ၁၄ရက်မှစတင်၍ တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပခရီးစဉ် တစ်ခုရှိ၍ ကြိုတင်ပြင်ဆင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ခြေစမ်းခွင့်ရရှိ၍ များစွာအကျိုးရှိပါကြောင်း၊ ဆက်လက်၍ အကောင်း ဆုံးလေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

တတိယပွဲစဉ်

စက်တင်ဘာ ၂ရက် ညနေ ၄ နာရီတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ချစ်ကြည်ရေးခြေစမ်း ဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ဟောင်ကောင် ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

တရုတ်အမျိုးသမီးဘော်လီဘောအသင်း ရုရှားအသင်းကိုအနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူး

အေသင် ဩဂုတ် ၃၀

တရုတ်နိုင်ငံ အမျိုးသမီးဘော်လီဘောအသင်းသည် စနေနေ့က အေသင်မြို့၌ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲအဖြစ် ရုရှားအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားကြရာ တရုတ်အမျိုးသမီးအသင်းက အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။ ယင်းကဲ့သို့ အနိုင်ရဗိုလ်စွဲခြင်းမှာ တရုတ်နိုင်ငံသည် နှစ်ပေါင်း၂၀ကြာပြီးနောက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသမီးအသင်းသည် ဆစ်ဒနီအိုလံပစ်ငွေတံဆိပ်ရှင် ရုရှားအမျိုးသမီးဘော်လီဘောအသင်းအား ၂၈-၃၀၊ ၂၅-၂၇၊ ၂၅-၂၀၊ ၂၅-၂၃၊ ၁၅-၁၂မှတ် ငါးပွဲ-သုံးပွဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြင့်ဗိုလ်စွဲကာ ရုရှားတို့ငွေတံဆိပ်သာ ရခဲ့ကြသည်။

တရုတ်အမျိုးသမီးဘော်လီဘောအသင်းတွင် အသင်းခေါင်းဆောင် ဖန်ကွန်းကဦးဆောင်ကာ အဓိကနေရာမှ ပါဝင်ကစားခဲ့သည်။

လွန်ခဲ့သောသုံးနှစ်က အိုလံပစ် ရွှေတံဆိပ်ရှင် ကျူးဘားသည် ဘရာဇီးအမျိုးသမီးဘော်လီဘောအသင်းအား ၂၅-၂၂၊ ၂၅-၂၂၊ ၁၄-၂၅၊ ၂၅-၁၇ မှတ် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရကာ ကြေးတံဆိပ် ဆွတ်ခူးသွားခဲ့သည်။

အင်အမ်အေ၊ရိုက်တာ

ကြိုးပမ်း

တရုတ်အသင်းမှ ပင်ကျန်း(နံပါတ်-၁၈)၏ ဘောလုံးရိုက်ချက်ကို ရုရှားမှ ရှက်ချ်ကိုဗာ (နံပါတ် - ၅)က ဆယ်မရန် ကြိုးပမ်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုလံပစ်ဟဲဗီးဝိတ်ချန်ပီယံ ကျူးဘားမှဆိုးလစ် သရေဖူးဆက်ထိန်း

အေသင် ဩဂုတ် ၃၀

အိုလံပစ်ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲကို စနေနေ့က အေသင်၌ ကျင်းပရာတွင် ကျူးဘားမှ အောလန်နီယာဆိုးလစ်က ဘီလာရုစ်မှ ဗစ်တာဇူရတ်အား အနိုင်ရရှိကာ သူ၏သရဖူကို ဆက်ထိန်းထားနိုင်ခဲ့သည်။ ၎င်းသည် ၂၂-၁၃မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆိုးလစ်သည် ဆစ်ဒနီတွင် လွန်ခဲ့သောလေးနှစ်က အိုလံပစ်ဟဲဗီးဝိတ်ချန်ပီယံဗိုလ်လုပွဲတွင် ဖလစ်ဆေဘွန်အား အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

လိုက်ဝယ်လ်တာဝိတ်တန်း

လိုက်ဝယ်လ်တာဝိတ်တန်းတွင် ထိုင်းမှ မာနတ်စ်ဘွန်ဂျန်နောင်းက ကျူးဘားမှ ယူဒယ်ဂွျန်ဆင်ကို အမှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားခဲ့သည်။

မာနတ်စ်သည် ဂွျန်ဆင်အား ၁၇-၁၁မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်လ်ဝိတ်တန်း

ရုရှားမှ ဂေဒါဘက်ခ်ဂေဒါဘီကော့ဗ်သည် မစ်ဒယ်ဝိတ်တန်းတွင် ကာဇစ္စတန်မှ ဂျင်နာဒိုင်ရိုလော့ဗ်ကင်းအား အမှတ်ဖြင့်နိုင်ကာ ရွှေတံဆိပ် ရရှိသွားသည်။

အမ်အင်အေ၊ ရိုက်တာ

အိုလံပစ်ပြေးခုန်ပစ် မော်ရိုကိုနိုင်ငံသားရွှေနှစ်ခုရရှိ

အေသင် ဩဂုတ် ၃၀

မော်ရိုကိုနိုင်ငံသား ဟီချန်းအယ်လ်ကွာရော့ဂျ်သည် စနေနေ့က အိုလံပစ်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ၁၅၀၀နှင့် မီတာ ၅၀၀၀ ပြိုင်ပွဲနှစ်ခုတွင် ရွှေတံဆိပ်ဆုနှစ်ခု ဆွတ်ခူးသွားခဲ့သည်။

အဆိုပါ မော်ရိုကိုနိုင်ငံသား၏ စံချိန်မှာ ၁၃မိနစ်နှင့် ၁၄ဒသမ၃၉စက္ကန့်ဖြစ်သည်။အီသီယိုးပီးယားမှ ဘီကီလီက ယင်းပြိုင်ပွဲတွင် ငွေတံဆိပ်ရပြီး ကင်ညာမှ အီလဒ်ကစ်ချော့က တတိယ ကြေးတံဆိပ် ရယူသွားသည်။ ဘီကီလီက အဆိုပါပြိုင်ပွဲနှစ်ရပ်လုံးကို အနိုင်ရမည်ဟု မျှော်လင့်ခဲ့သည်။ ၎င်းသည် မီတာ၁၀၀၀၀ ချန်ပီယံဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၃၀

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်၏ (၂၅)ကြိမ်မြောက် ဝိပဿနာခုနစ်ရက် တရားစခန်းကိုစက်တင်ဘာ၃ရက်(သောကြာနေ့)ညနေ၆နာရီခွဲတွင် ဖွင့်လှစ်၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းနှင့် ကမ္မဋ္ဌာနာစရိယ လေးဦးက အနီးကပ် ညွှန်ကြားပြသမည်ဟုသိရသည်။**(က-ပ)**

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)က အထွေထွေရောဂါကု ဆရာဝန်များအတွက် "Diagnostic Medical-Surgical Procedures (2004)" သင်တန်းကို စက်တင်ဘာ ၁၁ရက်မှ ၃၁ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသည့် ဆရာဝန်များသည် စက်တင်ဘာ ၆ရက်မှ ၁၀ရက်အထိ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ခင်ဌေးကြည် ၁၄/ ပသန(နိုင်)၁၄၉၄၈၆ နှင့် ဦးအောင်ကို YKM°- 002337 တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှု မရှိတော့ပါသဖြင့် ၁၃-၈-၂၀၀၄ရက်တွင် တရားဝင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။

ဒေါ်ခင်ဌေးကြည်။

ဆရာကန်တော့ပွဲဖိတ်ခေါ်လွှာ

သူငယ်ချင်းတို့-

ငါတို့ (၅/၈၂)ခုတိယနှစ် **အမ်ဘီဘီအက်စ်** ဆေးတက္ကသိုလ် မန္တလေးဝင်ခဲ့ကြသူတွေရပြီး ပထမအကြိမ် ဆရာကန်တော့ပွဲ နဲ့ မိတ်ဆုံညစာစားပွဲလုပ်ဖို့ စီစဉ်နေကြတယ်။ မင်းတို့အမြန်ဆက်သွယ်ပြီး တက်ဖြစ်အောင် ကြိုးစားကြပါ။

ကျင်းပမည့်ရက်- ၂၀၀၄ခုနှစ် အောက်တိုဘာလ ၃ ရက်။
[ဆေးတက္ကသိုလ်(မန္တလေး)ရဲ့ ရွှေရတုအခမ်းအနားကို ၂၀၀၄ခုနှစ် နိုဝင်ဘာလ(၁/၂/၃)ရက်တွေမှာ လုပ်လိမ့်မယ်။]

ကျင်းပမည့်နေရာ- ဆရာဝန်အသင်း(မန္တလေး)ခန်းမ။

ရန်ပုံငွေထည့်ဝင်ရန် နောက်ဆုံးရက်- ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။

အဓိအစဉ်ညှိနှိုင်းရန် နောက်ဆုံးရက်- ဆရာကန်တော့ပွဲအစီအစဉ်ညှိနှိုင်းရန် ၂-၁၀-၂၀၀၄ ရက်၊ နံနက် ၉ နာရီ တွင် လမ်း-၈၀(၂၇ × ၂၈)လမ်းကြား မန္တလေးမြို့ရှိ "**အေးချမ်းသာအထူးကုဆေးခန်း**" မှာ ဆုံကြရအောင်။

ဆက်သွယ်ရန် ➢

၁။ မသန်းသန်းမြင့် ၀၉ ၂၀၀ ၀၃၄၄၊ ၀၂-၇၀၇၇၀၊ တိုင်းကျန်းမာ
၂။ မမြင့်မြင့်ရီ ၀၂-၃၃၁၈၀၊ ၀၂-၃၃၁၈၁
၃။ ကိုမောင်မောင် ၀၂-၃၁၅၉၃၊ အေးချမ်းသာအထူးကုဆေးခန်း လမ်း-၈၀(၂၇×၂၈)လမ်းကြား၊ မန္တလေးမြို့။
၄။ ကိုသင်ကျော် ၀၉ ၅၀၀ ၄၅၄၀ (ရန်ကုန်မြို့)
၅။ မနွယ်နီအောင် ၀၉ ၅၀၀ ၁၇၁၅ (ရန်ကုန်မြို့)

Job Opportunity

The Hotel @ Tharabar Gate (OLD BAGAN)
For Local Service Only

1) Food and Beverage Manager 1 - Post
2) Front Office Manager 1 - Post
- Must have 2 – 3 years consecutive experience in a similar position
- Good Spoken and Written English communication skills
3) Chief Accountant (Yangon Office) 1 - Post
- B.Com. / LCCI Level III (Accpac)
- Must have 2 – 3 years consecutive experience in a similar position
- Good Spoken and Written English communication skills
4) Resident Manager's Secretary 1 - Post
- Must have 1- 2 years consecutive experience in a similar position
- Good Spoken and Written English communication skills
- Good computer skill and knowledge of Microsoft Office

Qualified and interested persons can send their CVs with 2 recent passport photos, Labour Registration Card and relevant certificates to the following address before 10th September 2004.

Resident Manager	The Hotel @ Tharabar Gate (YangonOffice)
The Hotel@Tharabar Gate (OR)	Room (201,202), Summit ParkviewBuilding,
Near Tharabar Gate	NO.(350), Ahlone Road, DagonTownship,
Old Bagan, Myanmar	Yangon, Myanmar

E-mail: tharaban@myanmarpartners.com.mm





နိဗ္ဗာန်ရည်မှန်း ရွှေသက်န်း

✥ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။

✥ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ် ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် **"မဟာဇေယျ အတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်တွင် ရေစက်ချဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ ရဟန်းရှင်လူ ပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဥဏှာတော်	–	၂၄ ပေ၊ ၉ လက်မ
ပလ္လင်တော်	–	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ပိဿာ ဖြစ်ပါသည်။

ရွှေကိုလှူလျှင်	**ရွှေဆင်းသွင်သို့**
ဘဝပင်မခြား	**တူအကျိုးပွား၏**
ဘူမိဖဿ	**မုဒြာမြတ်ကို**
မပြတ်သန့်စင်	**ရောင်ဝါလွင်သော**
ရွှေစင်သင်္ကန်း	**ဒါနပန်းဖြင့်**
လှူဒါန်းပူဇော်	**နိဗ္ဗာန်မျှော်လျက်**
နှိုးဆော်သတင်း	**ပေးဝေနှင်းသည်**
ကောင်းခြင်းဖြာဖြာ	**ပြည့်စေသော် . . .**

(၁) ရွှေဆိုင်းဌာန	–	ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂) ရွှေအရည်အသွေး	–	ရွှေစင် ၉၉ရာခိုင်နှုန်း
(၃) ကပ်လှူပူဇော်ချိန်	–	နေ့စဉ် နံနက် ၆နာရီ မှ ညနေ ၆နာရီအထိ
(၄) ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၅၄၁၆၈၁။

ရွှေတိဂုံစေတီတော်
ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီ

သြဂုတ် ၈ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ မင်းလှ မြို့နယ် မလွန်ကျေးရွာရှိ မ ဟာ ဗ န္ဓု လ မြင်းစီးရုပ်တုနှင့် အရိုးအိုးစေတီရင်ပြင်၌ ပန်းအလှစိုက် ပျိုး ထား ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုင်းယောင်းမြို့ဝင်ဆိုင်းဘုတ် ပတ်ဝန်းကျင်သန့်ရှင်း

မိုင်းယောင်း သြဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်၊ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းတို့သည် သြဂုတ် ၁၀ရက်က မြို့နယ်စည်ပင်သာယာအဖွဲ့မှ မိုင်းယောင်းမြို့ မြို့ဝင်ဆိုင်းဘုတ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စုပေါင်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

ဝါဆိုသင်္ကန်းကပ်လှူ

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ (၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို သြဂုတ် ၂၂ရက်က လသာမြို့နယ် ၁၂ စဥ့်အိုးတန်းလမ်းရှိ အသင်းတိုက်၌ကျင်းပရာ အသင်းအမှုဆောင်များနှင့်အလှူရှင်များက ဝါဆိုသင်္ကန်းများ ကပ်လှူကြစဉ်။ (က-ပ)

မန်စီမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေ နှင့် ရုံးဝန်ထမ်းများ သြဂုတ် ၁၃ရက်က မြို့အဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင်၌ ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (က-ပ)

အမြို့မြို့အနယ်နယ် သတင်းများ

သြဂုတ် ၂၂ ရက်က ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် မကျီးကန်-ငှက်အော်စမ်းကျေးရွာ ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း မြေသားပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃)မြို့ပြ ဦးမင်းမင်းသိမ်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နှစ်ဖက်သောမိဘများအား အမှူးထား၍ ၃၀၈(အေ) ယုဇနတာဝါ ရွှေဂုံတိုင်နေ ဗိုလ်ကြီးကျော်ထွန်းဦး(ငြိမ်း)-ဒေါ်စဝ်ခိုင်ခိုင်ဖြူ(သမီး) စဝ်လှိုင်လှိုင်ကျော်ထွန်း၊ စဝ်ခမ်းမိုးကျော်ထွန်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ချစ်ပါနော်မောင့်ကို ရုပ်ရှင်ဇာတ်ကား ဗီဒီယိုရိုက်ကူးပြသ

မောင်ခေတ္တွန်း

ရန်ကုန် သြဂုတ် ၂၀

သြဂုတ် ၃၀ရက် တနင်္လာနေ့မှစ၍ တစ်ပတ်အတွင်း မြန်မာဗီဒီယိုဇာတ်ကား ၁၄ကား ဖြန့်ချိပြသခွင့်ရရှိရာ ဒါရိုက်တာလွင်မင်း၏ ပရိသတ်အားပေးခြင်းခံရသော **‘ချစ်ပါနော်မောင့်ကို’** ရုပ်ရှင်ဇာတ်ကားကြီးကို ပြန်လည် အသက်သွင်းသည့် ဗီဒီယိုဇာတ်ကားဖြန့်ချိထွက်ရှိမည်ဟု သိရသည်။

သုခမိန်ဗီဒီယိုရုပ်ရှင်မှ ဒါရိုက်တာမောင်သီရိုက်ကူးပြီး လွင်မိုး၊နန္ဒာလှိုင်တို့ပါဝင်သော**ဗီဒီယိုရှာဇာတ်ကား။** ကျော်ဗီဒီယိုမှ ဒါရိုက်တာခင်စောမျိုးရိုက်ကူးပြီး ကျော်သူ၊ မင်းဟိဏ်း၊ နန္ဒာလှိုင်တို့ပါဝင်သော **‘မမင်းဖြူမှန်မှန်ပြော’**။ စိုးမိုးဗီဒီယိုမှ ဒါရိုက်တာမဟာ ရိုက်ကူးသော ခင်လှိုင်၊ ဖိုးဖြူ၊ သင်းသင်းယုလှိုင်တို့ ပါဝင်သော **‘မိသားတစ်စု’**။ ရွှေစင်ဦးဗီဒီယိုမှ ဒါရိုက်တာလွင်မင်းရိုက်ကူးပြီး ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ ဇာဂနာ၊ မြတ်ကေသီအောင်တို့ပါဝင်သော **‘ချစ်ပါနော်မောင့်ကို’**။ မိုးမခဗီဒီယိုမှ ဒါရိုက်တာသန့်ဇင်ရိုက်ကူးပြီး အရိုင်း၊ ပိုးဖြူ၊ ငှက်ပျောကြော်၊ ကျော်ထူးတို့ ပါဝင်သော **‘က-ကလေးငယ်ချစ်စဖွယ်’**။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာစင်ရော်နီ ရိုက်ကူးပြီး အောင်ပိုင်၊ ကျော်ဇောဟိန်း၊ သဇင်ညီညီတို့ ပါဝင်သော **‘မီးခဲဖိုးတေနဲ့ မြိုင်မဟာဖိုးအောင်’**။ ငွေအိမ်စံဗီဒီယိုမှ ဒါရိုက်တာအောင်ခိုင် ရိုက်ကူးပြီး အောင်ဇော်၊ ဝါဝါအောင်တို့ပါဝင်သော **‘အသည်းနုနုလူကြမ်း’**။ ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ မျိုးဇင်ကို ရိုက်ကူးပြီး ကျော်ဝင်းထွန်း၊ ဟိန်းထက်၊ ယွန်းနဒီတို့ပါဝင်သော **‘မြွေပါးပျဉ်းနဲ့ထွေခင်းမည့်သူ’**။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာကျော်ဇောလင်းရိုက်ကူးပြီး လူမင်း၊ နန္ဒ၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **‘နာမည်တစ်လုံးနှင့် နေကြသူများ’**။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာကျော်ဇောလင်း ရိုက်ကူးပြီး နေထက်လင်း၊ ထွန်းအိန္ဒြာဗို၊ ပပစိုးကြည်တို့ ပါဝင်သော **‘ဘဝသမားတွေပါ’**။ ပြည့်ဖြိုးမြတ်ဗီဒီယိုမှ ဒါရိုက်တာ ထူးကျော်ရိုက်ကူးပြီး သီဟတင်စိုး၊ နှင်းဝတ်ရည်သောင်းတို့ ပါဝင်သော **‘တဖောက်ကမ်းငမိုး’**။ ဝင်းဘုရားသားမှ ဒါရိုက်တာမဟာရိုက်ကူးပြီး ခင်လှိုင်၊ ငြိမ်းချမ်း၊ ဇေလုဝ၊ ခင်စိုးပိုင်တို့ ပါဝင်သော **‘စတိုင်အသစ် ကလေးနဲ့ လင်ချစ်ဆေး’** ဇာတ်ကားများ ဖြန့်ချိမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဗီဒီယိုရှာဇာတ် ကား မှ လွင်မိုး၊ ဇေရာနှင့် နန္ဒာလှိုင်။

နာမည်တစ်လုံးနှင့် နေကြသူများ ဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။

ချစ်ပါနော်မောင့်ကို ဇာတ်ကားမှ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်။

ပထမဆုံး ကလေးအငြိမ့် မကြာမီဖြန့်ချိ ပြသမည်

ရန်ကုန် သြဂုတ် ၂၀

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ရွေးတံဆိပ်ဆုရ လူငယ်ကလေးများ ပါဝင်သည့် ရူပါပါဝါနှင့် စိုးမိုးဗီဒီယိုမှ ဒါရိုက်တာကြည်သာ(ပွဲကြိုက်ခင်) ရိုက်ကူးသော ရွှေပွဲတော်အငြိမ့် ဗီဒီယိုဇာတ်ကားများ မကြာမီ ဖြန့်ချိမည်ဖြစ်သည်။

ရွှေပွဲတော်အငြိမ့်တွင် မင်းသမီးအဖြစ် သတ္တမတန်းကျောင်းသူလေး အေးနန္ဒာထက်က ပါဝင်ကပြသည်။ လူရွှင်တော်များအဖြစ် ဘိုထူး၊ ပြုံးကြီး၊ ခိုင်ကြီး၊ မေးကြီးတို့ပါဝင်၍ မြန်မာနိုင်ငံ၌ ပထမဆုံးကလေးအငြိမ့်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးလက်စာကြည့်တိုက်ဖွင့် ကျေးရွာများတွင်ဆက်လက်ဖွင့်လှစ်သွားမည်

မော်လမြိုင်ကျွန်း ဩဂုတ် ၂၇

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ရက်က မော်လမြိုင်ကျွန်းမြို့နယ် ညောင်တုန်းစု စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး မာန်ကျေးလက်စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင်(မော်ကျွန်း–မြင့်အောင်)နှင့် ကျေးရွာဥက္ကဋ္ဌ ဦးရွှေကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ယာပုံ)

ထို့နောက် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်များကို မြို့နယ်အတွင်း ဖွင့်လှစ်လျက်ရှိရာ ဩဂုတ် ၁၅ရက်မှ ၂၅ရက်အထိ ကျုံလကာကျောင်းစု၊ကညင်ခဲ၊ကုလားတန်း၊ ဝက်ကွင်းဝဲဒေါင့်၊ မြောင်းသာ၊ ကျွန်းခယ်မ၊ ဝဲစု၊ ညောင်တုန်းစု၊ ရွှေနိကျွန်း၊ ကြက်ရာညီနောင်လေး၊ ညီနောင်ကြီး၊ကျွဲခြံဝ၊ ပိသာ၊လေးထပ်ကြီးနှင့် သုရဲချောင်းကျုံလတာကျေးရွာများတွင် ဖွင့်ပွဲအခမ်းအနားများနှင့် စာကြည့်တိုက် အောင်မြင်ရှင်သန်ရေး အကြောင်း ဟောပြောပွဲများကျင်းပကြသည်။

ဆက်လက်ပြီး ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲများကို စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ စံပြကျေးရွာများနှင့် ကျေးရွာကြီးများတွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်မြို့နယ် မှတ်ရှည်ကျေးရွာအုပ်စု စုက္ခရာ(စံပြ) ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၌ ဩဂုတ် ၂၅ ရက်က ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ သုစိတ္တလင်္ကာရက ကျောင်းသား ကျောင်းသူ ၂၅၆ ဦးတို့အား ငွေကျပ် တစ်သိန်းခွဲကျော် တန်ဖိုးရှိ အဝတ်အထည်နှင့် ဗလာစာအုပ်စသော ထောက်ကူပစ္စည်းများ လှူဒါန်းစဉ်။

ကျေးလက် သတင်းနှင့် မြင်ကွင်း

ပေါက်ခေါင်းစည်ပင် ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်

ပေါက်ခေါင်း ဩဂုတ် ၂၆

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် မစိုးရိမ်ကျေးရွာအုပ်စု မစိုးရိမ်၊ အောင်မြင်ကုန်း၊ ဆင်ဖြူကန် ကျေးရွာများအား စံပြကျေးရွာများအဖြစ် ဆောင်ရွက်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနန်းတင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်နှင့် အဖွဲ့သည် ကျေးရွာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဩဂုတ်၂၂ရက်က ရွာတွင်းလမ်းများ ချဲ့ထွင်ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ခြံစည်းရိုးများကာရံခြင်း၊ မစိုးရိမ်ကျေးရွာ အဝင်လမ်းမြေနီခင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ကြပြီး မစိုးရိမ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ မစိုးရိမ်အောင်မြင်ကုန်း မြေနီဂဝံလမ်းကို ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၃၃၅၀၊ အကျယ်၁၂ပေနှင့် အောင်မြင်ကုန်းကျေးရွာမှ အရှည်ပေ ၃၅၀၀ လမ်းခင်းဆောင်ရွက်ထားမှု အခြေအနေကို ကွင်းဆင်း စစ်ဆေးဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
ဦးဥတ္တမသာရဆရာတော်ကြီး၏
ဓာတ္တုဂ်သုတ်နှင့်
ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
(နိုင်ငံတော်အကြီးအကဲ၏
လယ်ယာကဏ္ဍဆိုင်ရာ
လမ်းညွှန်ချက်များ)
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ(ကနီဦးလှုညွှန့်)
(မြန်မာပြည်နှင့် စာပေသင်မှု)
၁၂း၂၀ သူ့အတွေးနှင့် သူ့အရေး
(စိတ်ဓာတ်ရေးရာ မြင့်တင်ပေးဖို့–
ဦးလှမင်း)
၁၂း၃၅ ခရီးသွားစကားဝိုင်း
(အုပ်စုဖွဲ့ပျံသန်းခြင်း)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ
(မြန်မာ့အမြင်နှင့် သဘာဝ
ပတ်ဝန်းကျင်–ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆း၂၀ ထီပေါက်စဉ်
၁၇း၃၀ အစာနှင့် အာဟာရ
(သက်သတ်လွတ်ဟင်းလျာများ)
၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီး
ပြိုင်ပွဲဆုရအစီအစဉ်[ရန်ကုန်တိုင်းမှ
တပ်ကြပ်ကြီးမြဝင်းဗိုလ်(မြဝတီ)၏
ဆိုင်းလက်သံ]
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)အနိမ့်ဆုံးမှ ထိပ်ဆုံးသို့
(ချစ်စံဝင်း)
(၂)သံတူကြောင်းကွဲစကားလုံးများ
နှင့် အသုံးအနှုန်းအဘိဓာန်
(ပထမတွဲ)(ဆရာဦးသိန်းလွင်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး
(ထင်းရှူးရိပ်တေးထုတ်လုပ်ရေးမှ
ပေးပို့သော လောကချမ်းသာ
မဟာကုသိုလ်တေးစီးရီး)

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ကျောက်မဲ ဩဂုတ် ၁၀

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သည့်အခွင့်အလမ်းများရရှိရေးအတွက် ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ကွယ်လွန်သူ ဦးဘဟုန်းအား ရည်စူး၍ နမ္မတူမြို့ ပန်တိုက်(၃)ရပ်ကွက် ဒေါ်နုလမ်းနေ ဒေါ်ခင်တင့်မိသားစုက သုတ၊ ရသ၊ မဂ္ဂဇင်း စာအုပ်စာစောင်ပေါင်း ၁၆၈အုပ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းထံသို့ ဇူလိုင် ၂၃ရက်က ပေးအပ်လှူဒါန်းသည်။

ကျောက်မဲခရိုင်အတွင်း ကျေးရွာအုပ်စု ၆၉ အုပ်စုရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက စာအုပ်စာစောင်ပေါင်းအုပ်ရေ ၁၃၀၀ပေးပို့လှူဒါန်းကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရွှေကူမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ပန်းအလှပင်များ ဩဂုတ် ၉ ရက်က ခရိုင်တာဝန်ခံအရာရှိ ဦးကျော်သူ ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၂၃ရက်က ရွှေတောင်မြို့နယ် ဝါးလည် ကျေးရွာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေး လုပ်ငန်း ကွင်းဆင်း ဆောင်ရွက်ရာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းဦးစီးဌာနမှူး ဦးခင်ရွှေ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၁၁၆)

ကိုယ့်အားကိုယ်ကိုး နေလစာကြည့်တိုက် အုတ်ဖို၌ဖွင့် လစဉ်ထုတ်မဂ္ဂဇင်းစာစောင်များစေတနာရှင်များလှူဒါန်း

အုတ်ဖို ဩဂုတ် ၂၆

အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပန်းတင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းပြီး နေလစာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ရက်က အုတ်ဖိုတာဆုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကြည်မြနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးဇော်မင်းလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ငွေခင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပန်းတင်ကျောင်းဆရာတော်ဦးဥတ္တမက ငွေကျပ် ၃၅၀၀၀ တန်ဖိုးရှိသော ဗီရိုတစ်လုံးကိုလည်းကောင်း၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်းမျိုးစုံအုပ်၃၀ကို လည်းကောင်း၊ ဦးကျော်ဇေယျက အပတ်စဉ်ထုတ် အားကစားဂျာနယ်ကို လည်းကောင်း၊ ဦးချစ်ဆွေက သတင်းစာတစ်စောင်ကို လည်းကောင်း၊ ဦးဇော်ဝင်းမိုးက လစဉ်ထုတ် ရတနာမွန်မဂ္ဂဇင်း တစ်စောင်ကို လည်းကောင်း စေတနာရှင်များက လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းလယ်ကျွန်းခုံ သန့်ရှင်း

ဩဂုတ် ၁၈ရက်က ကရင်ပြည်နယ် မြဝတီမြို့ သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ ဒုတိယဦးစီးမှူး (အခွန်)ဦးကျော်နိုင်ဦးနှင့် ဝန်ထမ်းများ လမ်းလယ်ကျွန်းခုံများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၀၂၄)

31-8 (16).p65 1 03-27-1905, 2:21 PM

ဆိပ်ဖြူမြို့ ရွှေမင်းဝန်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပမည်

ဆိပ်ဖြူ ဩဂုတ် ၂၀

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၏ ကျက်သရေဆောင် ရှေးဟောင်းရွှေမင်းဝန်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ အစည်းအဝေးကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစေတီတော်ကြီးအတွင်းရှိ ရွှေသာလျောင်းတန်ဆောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် ရွှေမင်းဝန်စေတီတော်မြတ် ထီးတော်အား ပြန်လည်မွမ်းမံ၍ ရွှေထီးတော်တင်လှူပူဇော်ပွဲကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်းတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ အလှူရှင်များ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖုန်း–၀၆၁–၂၁၆၉၁၊ ၀၆၃–၄၀၄၄၈၊ လိုင်းခွဲ(၂)နှင့်(၁၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၁၁ ရက်က ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အလင်းရောင်(၁) မင်္ဂလာရာမ အမှတ်(၇)ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းမှ ကျောင်းသူကျောင်းသား ၁၀၀၀ကျော်တို့ ကျောင်းဖွံ့ဖြိုးရေးဘက်စုံ စိုက်ခင်းလယ်ယာမြေတွင် ကောက်စိုက်ပြိုင်ပွဲကျင်းပစဉ်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဒေးဒရဲမြို့ ပျိုးသက်နု (ပုံဖော်ပျိုးခင်း) စိုက်ပျိုးမှု ခရိုင်ဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှု

ဒေးဒရဲ ဩဂုတ် ၁၅

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွင်နိုသည် ခရိုင် စိုက်တိုးမြှင့်အဖွဲ့နှင့်အတူ ဒေးဒရဲမြို့နယ် ကျုံမင်းရေချို/ရေငန်မိုးစပါးစိုက်ခင်းတွင် ပျိုးသက်နု (ပုံဖော်ပျိုးခင်း) စိုက်ပျိုးမှုကို ဩဂုတ် ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ကာကွယ်ရေးမှာကြား

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်ရွှေက ရှင်းလင်းတင်ပြပြီးနောက် ကျုံမင်းရွာတောင်သူ ၁၅၆ဦးအား တွေ့ဆုံ၍ ပုံဖော်ပျိုးခင်းများ ပြုလုပ်စိုက်ပျိုးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ နွေစပါးအတွက် ရေငန် ကင်းလွတ်ချိန်ရရှိရေး၊ မိုးစပါး၊ နွေစပါးလျာထားချက်များ အတိုင်း အချိန်မီပြီးစီးရေးနှင့် ရေနစ်မြုပ်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားကြောင်းသိရသည်။ **(က–ပ)**

နွားထိုးကြီး ပဲချက်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းအဆောက်အအုံသစ်ဖွင့်

နွားထိုးကြီး ဩဂုတ် ၁၈

နွားထိုးကြီးမြို့နယ် ပဲချက်စံပြကျေးရွာ ပဲချက် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၂ ရက် နံနက် ၉ နာရီက အဆောက်အအုံသစ်ရှေ့ရှိ မဏ္ဍပ်တွင်ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းအဆောက်အအုံသစ်ကိုမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးခင်မောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးခင်မောင်ကြီးတို့က အမှာစကားပြောကြားကြပြီး ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝဲက ဆေးခန်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဆေးခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးဖေကြည်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ ဦးခင်မောင်ကြီးထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါအဆောက်အအုံသစ်ကို ငွေကျပ် ၁၈၁၁၅၃၀ အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(၂၁၃)**

သံဖြူဇရပ်မြို့နယ် စပါးခင်းများအတွင်း ငါးမျိုးပြုန်းတီးမှုကာကွယ်ရန် ငါးမျိုးစိုက်ထည့်

ဝါတွင်းကာလဥပုသ်နေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူမည်

ဝမ်းတွင်း ဩဂုတ် ၁၀

ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့လုံးဆိုင်ရာ ဆွမ်းလောင်းအသင်းကို ဖွဲ့စည်း၍ ဩဂုတ် ၁ရက်က မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ကျောင်းတိုက်များမှ သံဃာတော် ၂၈၅ပါးတို့အား ဆွမ်းလောင်းလှူပွဲကို ရာဇမုနိဆုတောင်းပြည့်ဘုရားတန်ဆောင်း ရှေ့တွင် ကျင်းပသည်။ အဆိုပါအဖွဲ့သည် ဝါတွင်း ကာလအတွင်း ဥပုသ်ထွက်နေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ် ဩဂုတ် ၁၂

ငါးမျိုးပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ငါးမျိုးများ ပြန့်ပွားရေးစီမံချက်အရ သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာအုပ်စုရှိ စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်က ကျင်းပသည်။ **(အပေါ်ပုံ)**

စိုက်ထည့်ပေး

ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှဝင်းဇော်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး စပါးခင်း ဧက ၄၀အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သောင်း စိုက်ထည့်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက်က သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ မူလတန်းကျောင်းတွင်ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (က–ပ)

မြန်မာ့အာမခံလုပ်ငန်း လျော်ကြေးငွေပေးအပ်

မိတ္ထီလာ ဩဂုတ် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင်ရုံးမှ သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉နာရီက အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အကျိုးခံစားခွင့်ပေးအပ်

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင် တာဝန်ခံက အာမခံလျော်ကြေးငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေပေးအပ်ရာ ခုနစ်ဦးအတွက် လျော်ကြေးငွေ ကျပ် ၇၀၀၀၀၀ ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အာမခံ ကိုယ်စားလှယ် ဦးအုန်းရွှေနှင့် ခရိုင်တာဝန်ခံ ဦးမြင့်မောင်တို့က အကျိုးခံစားခွင့်ရှိသူများအား ပေးအပ်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချမ်းမြေ့ရိပ်သာကျောင်း (၂၈) ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ

ကျင်းပမည့်နေ့ – ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက် (၁၂–၉–၂၀၀၄) တနင်္ဂနွေနေ့
ကျင်းပမည့်နေရာ – ချမ်းမြေ့ရိပ်သာကျောင်း
ရေစက်ချချိန် – နံနက် ၉း၀၀ နာရီ
ဧည့်ခံကျွေးမွေးချိန် – နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀နာရီ
မှတ်ချက် – လှူဖွယ်ပစ္စည်းများကို နံနက် ၈း၀၀နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

[illegible]

(က) [illegible]
(၁) B.A (Business Science) [illegible]
(ခ) [illegible]
(၁) Diploma in Secretaryship for Enterprise. (Dip S.E)
(၂) Diploma in Business Management. (Dip B.M)
(၃) Diploma in Banking, Finance & Insurance. (Dip B.F.I)
(၄) Diploma in Enterprise Development. (Dip E.D)
(၅) Diploma in Financial Management. (Dip F.M)
(ဂ) [illegible]
(၁) Diploma in Secretaryship for Enterprise. (Dip S.E)
(၂) Diploma in Business Accounting. (Dip B.Acc)
(၃) Diploma in Marketing Management. (Dip M.M)

[illegible]

သမီးလေး ယွန်းပိုးအိမ် (Fang Fang) အတွက် မွေးနေ့ဆုမွန်

31st August, 2004 ရက်နေ့တွင် ကျရောက်သော ချစ်သမီးလေး ယွန်းပိုးအိမ်(Fang Fang)၏ (၂)နှစ်မြောက်မွေးနေ့မှသည် မွေးနေ့ပေါင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ဉာဏ်ရည်ထက်မြက်၍ ကျန်းမာသော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဆုတောင်းလျက် –

ဘဘ ဦးတင်ထူး–မာမီ ဒေါ်အေးအေးနွဲ့
ချစ်ပါပါး–ချစ်မာမား
Kyaw Thiri Enterprise Company Limited. MDC Limited.
ဝန်ထမ်းများနှင့်မိသားစု။

The VOICE [illegible] Weekly

[illegible]

မန္တလေး တူးတူး မြန်မာထမင်းဆိုင်

မြန်မာထမင်း ဟင်း ကောင်းကောင်း သုံးဆောင်လိုသော မိတ်ဟောင်းမိတ်သစ်များအတွက် မန္တလေး တူးတူး မြန်မာထမင်းဆိုင်ကို စမ်းချောင်း – ရန်ကုန်ဘူတာကြီးတွင် နေ့စဉ် နံနက် (၁၁း၀၀) နာရီ မှ ည (၈း၀၀) နာရီ အထိ ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပါပြီ။

(အခအားခန်းမြင့်လည်းသုံးဆောင်နိုင်ပါသည်။)

စမ်းချောင်း – ရန်ကုန်ဘူတာကြီး
ဖုန်း – ၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၈၁၁

SAYA-TONY

(SHELL)

IELTS = Sat, Sun

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

[illegible]

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၂၇လမ်း အမှတ် (၆၇) မြေညီထပ်တွင် ရုံးခန်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိသော SUMO Industrial Trading Limited. သည် အောက်ဖော်ပြပါ တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်များဖြစ်သော Punto နှင့် Maspion ဟူသော အမည်အမှတ်အသားနှင့် အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (IV-၃၈၆/၂၀၀၄)နှင့် (IV-၃၈၇/၂၀၀၄) တို့ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။



(IV-၃၈၆/၂၀၀၄) (IV-၃၈၇/၂၀၀၄)

အဆိုပါ Punto နှင့် Maspion အမှတ်တံဆိပ်အမည်အမှတ်အသားများကိုအသုံးပြုထားသည့် ဘူးများအပေါ်တွင် Punto နှင့် Maspion တံဆိပ်များကပ်နှိပ်၍ ကုမ္ပဏီသည် လျှပ်စစ်မီးချောင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို အရောင်းကိုယ်စားလှယ် City Mate General Trading Co., Ltd. မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ အဆိုပါကုန်အမှတ်တံဆိပ်ပါ လျှပ်စစ်ပစ္စည်းများ၏ ကောင်းသောဂုဏ်သတင်းကို အခွင့်ကောင်းယူကာ အချို့သော လုပ်ငန်းရှင်များသည် အဆိုပါအမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ထားသည့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို တရားမဝင်သောနည်းလမ်းဖြင့် တင်သွင်းပြီး ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။

ယင်းသို့ ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါ ကုန်အမှတ်တံဆိပ်ပါ လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ လုံးဝမပြုလုပ်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)
Ye Noos & Associates (Law Firm)
အမှတ် ၃၀ (ပထမထပ်)၊ ၄၄လမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၀၁–၂၉၆၁၃၂၊ ၂၉၈၅၄၁။

အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ငွေကြည် ၁၂/မဂဒ(နိုင်)၀၀၂၆၈၁ ၏သားဖြစ်သူ မောင်ရဲဝင်းထွန်း ၁၂/မဂဒ(နိုင်) ၀၀၂၆၈၃သည် မိဘစကားကို နားမထောင်ပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ရဲဝင်းထွန်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ငွေကြည်
၁၂/မဂဒ(နိုင်)၀၀၂၆၈၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၉၈၃၅ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်သောင်းစိန်၏သား သိန်းဇော်မင်း(ခ)အငယ်လေး ၁၂/လမန(နိုင်)၁၂၃၃၅၇သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများအပေါ်တွင် ခွင့်မလွှတ်နိုင်သော လုပ်ရပ်များ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်သောင်းစိန် ၁၂/လမန(နိုင်)၀၀၂၅၉၃။

အမည်ပြောင်း

ဦးကျော်စိုး၏သား အထက (၁) မှော်ဘီသတ္တမတန်း (A)မှ မောင်ဝေယံစိုးအား မောင်ဝေယံကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံကျော်(မှော်ဘီ)။

အမည်ပြောင်း

ဦးခင်မောင်သန်း၏သား အထက(၁) တောင်ဥက္ကလာ အဋ္ဌမတန်း (F) မှ မောင်စိုးဝေယံအား မောင်ဝေယံမျိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေယံမျိုးထက်။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဇော်လွင်ကြူး(ခ)ဖိုးဇော် မှတ်ပုံတင်အမှတ် PGU-၂၃၈၈၃၄ ကိုင်ဆောင်သူသည် မိဘအပေါ် ဒုက္ခအမျိုးမျိုးနှင့်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ညီအစ်ကိုမောင်နှမများ အပေါ်တွင်လည်း သည်းခံခွင့်မလွှတ်နိုင်သော လုပ်ရပ်များ အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

မိခင် – ဒေါ်သန်းရွှေ
၁၂/အစန (နိုင်) ၀၁၂၈၂၂။

လွမ်းဆွတ်သတိရခြင်း

မိသားစုအားလုံးအပေါ် မေတ္တာတရားကြီးမားစွာဖြင့် ဦးဆောင်ခဲ့သောခင်ပွန်း ဦးစိုးသိန်း ကွယ်လွန်ခဲ့သည့် ၂၈–၇–၂၀၀၁ ရက်မှစ၍ နေ့စဉ်သတိရလွမ်းဆွတ်နေလျက်ပါ။ နေ့စဉ်ပြုပြုသမျှကုသိုလ်များကို အမျှပေးဝေလိုက်ပါသည်။ **ဦးစိုးသိန်းရေ အမျှ–အမျှ–အမျှ။**

ဇနီး–ဒေါ်စန်းစန်းငွေနှင့် သမီးများ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။

ရှာဖွေနေပါသည်

လိပ်ခေါင်း၊ဂရင်ဂျိနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း –၂၄၈၀၆၄

သမားတော်ကြီး ဦးဗွာ၊ လိပ်ခေါင်း၊ဂရင်ဂျိနာ အထူးကု

[illegible]

ကျေးဇူးတင်ရှိခြင်း

၂၄–၈–၂၀၀၄ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့သော လှည်းကူးမြို့ ဖောင်းလင်းသာသနာပြုအဖွဲ့ အကျိုးဆောင်နာယကဆရာကြီး ဦးထွန်းရည် အသက် (၇၂) နှစ်၏ ဈာပနကိစ္စနှင့် ရက်လည်ဆွမ်းသွတ်ခြင်း ကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဖောင်းလင်းသာသနာပြုအဖွဲ့ တပည့်သာဝကများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးခဲ့ကြသော ဗဟိုစည် အထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့် (ခ) Freddy Mg Mg

အသက်(၅၈)နှစ်

လူပုံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင် ဒေါ်ဖြူသီ၏ ခင်ပွန်း၊ မခင်စောယုအောင်–ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်–ကိုဝေလွင်၊ မအေးမို့မို့အောင်တို့၏ဖခင် ဦးအောင်မြင့်သည် ၂၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရသည့်အတွက်ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်မောင်ဌေး–ဒေါ်ချိုချိုမိသားစု၊
သိုက်ပျံရတနာဆေးတိုက်
ရှမ်းပြည်နယ်(တောင်ပိုင်း)ပွေးလှမြို့။

ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ခင်ညွှန့် (ပုဇွန်တောင်မြို့နယ်) အသက်(၇၅)နှစ်

ပျဉ်းမနားမြို့နေ (ဦးမြဒင်–ဒေါ်လှမြိုင်)တို့၏ သမီး၊ ကျောက်ဖြူမြို့နေ (ဦးကျော်ထင်–ဒေါ်မေကျီ)တို့၏ သမီးချွေးမ၊ (ဗိုလ်ကြီးသာဟံ)၏ဇနီး၊ ဦးဝိုင်း–ဒေါ်နုစိန်တို့၏ညီမ၊ ဦးညွှန့်မောင်–ဒေါ်အုန်းကြည်၊ ဦးတင်အေး–ဒေါ်ဝိုင်း၊ ဦးဝင်းအောင်–ဒေါ်ကြူကြူခိုင်၊ ဦးစောလွင်–ဒေါ်သင်းသင်းမူတို့၏ အစ်မ၊ ဦးအောင်ကျော်မင်း–ဒေါ်နွယ်နွယ်၊ ဦးတင်မြင့်–ဒေါ်ဘေဘီဟံတို့၏မိခင်၊ မောင်ဘုန်းမော်၊ မောင်သူရအောင် တို့၏ အဘွားဒေါ်ခင်ညွှန့်သည် အမှတ် ၄၀၄၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက် ပုဇွန်တောင်မြို့နယ် နေအိမ်၌ ၂၇–၈–၂၀၀၄ ရက် သောကြာနေ့ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ ရက် စနေနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင်ထွေး(ခ)ဦးထွေး
(နေပြည်တော်ပုံနှိပ်တိုက်)
အသက်(၄၉)နှစ်

မန္တလေးမြို့၊ ၈၄ လမ်း၊ ကျောက်သွေးတန်း၊ နေပြည်တော်ပုံနှိပ်တိုက်၊ ရွှေဟသ်ာ ယွန်းထည်ကုန်သည်(ဦးဘမြင့်-ဒေါ်ညိုညို)တို့၏သား၊ ဦးကျော်လှိုင်-ဒေါ်ကြည်ကြည်တို့၏တူ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းတင့်(ခ)ဒေါ်ရဲ (ရဲဗမာသက်န်းတိုက်)၊ ဒေါက်တာမောင်မောင်-ဒေါ်မြင့်မြင့်(TO Biochemical Co., Ltd.)၊ (ကိုမောင်မောင်အေး(ခ)ကိုဒီ)၊ ဦးမြင့်သိန်း-ဒေါ်မမ(ရွှေဂျိုးသာလွန်းရာကျော်ချိတ်နှင့် ရွှေဗမာလိမ္မော်ခြံ)၊ ဦးဝင်းကို-ဒေါ်မော်မော်ယုတို့၏ညီ/မောင်၊ ဦးခင်မောင်ဦး-ဒေါ်နုနုရီ၊ ဒေါက်တာမောင်မောင်တိုး၊ ဒေါက်တာအောင်ကျော့ဘုန်း-ဒေါ်ခင်မိုးမြင့်(ခ)မိုးမိုး(ဒို့ဗမာပရိဘောဂ)၊ ကိုသက်အောင်တို့၏အစ်ကို၊ တူ တူမ ၁၈ ယောက်တို့၏ဦးလေးသည် ၂၉-၈-၂၀၀၄ရက် ညနေ ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကြာနီကန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင်ထွေး(ခ)ဦးထွေး
နေပြည်တော်ပုံနှိပ်တိုက်(မန္တလေး)
အသက်(၄၉)နှစ်

မငြိမ်းဝင့်သူ [B.Sc (Phy),Dip in Electronic]၊ မောင်မောင်ပြည့်စုံ-မနှင်းနှင်းအိ(နေ-လ-ကြယ် ပဲ၊ နှမ်း ရောင်းဝယ်ရေး)၊ မသက်မေဖြူ [B.Sc (Phy),Dip in Electronic]၊ မောင်မောင်ချမ်းသာ(Final Years B.D.S)၊ မရွှေဟသ်ာ(ခ)မအေးမြင့်ညို(AE, ST Microelectronic Co; S'pore.)၊ မထက်မြင့်ညို (Final Years Japanese., MUFL)၊ မဆွေလင်းမူ(Nanyang Polytec; S'pore)၊ မခိုင်မာညို (Second Years Eng)၊ မမေဟိန်းဇံ(Second Years Law)၊ မောင်မောင်ဖြိုးကြွယ်(First Years G.C.E)၊ မောင်ငြိမ်းချမ်း၊ မောင်တိုးဝေလင်း၊ မဟန်နီလင်း(IX-E°၊ အထက-၁)၊ မညိုယွန်းမြင့်(VIII-A°၊ အထက-၈)၊ မောင်ကိုကိုအောင် (VII-A°၊ အလက)၊ မောင်ခေါင်စွမ်းသာ(IV-A°၊ အထက-၁၄)၊ မောင်အံ့ဘုန်းချွန်(IV-F°၊ အထက-၁၆)၊ မောင်ကောင်းမြတ်သူ(II-A၊ အလက)တို့၏ဦးလေးသည် ၂၉-၈-၂၀၀၄ရက် ညနေ ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူ တူ တူမများ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
1.	4^{th} Stage Piston Ring	20Nos	၁၅-၉-၂၀၀၄ (မွန်းတည့် ၁၂း၀၀ နာရီ)
2.	Sodium Sulphite	50MT	၁၅-၉-၂၀၀၄ (မွန်းတည့် ၁၂း၀၀ နာရီ)
3.	Burner Tip	4items	၁၅-၉-၂၀၀၄



သတိပေး နှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီ ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဦးခင်ဇော်
လ/ထအထွေထွေမန်နေဂျာ(ငြိမ်း)လူမှုဖူလုံရေး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄/၁၆၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးစောထွန်းတိတ်-ဒေါ်သန်းညွန့်)တို့၏သား၊ ဒေါ်ခင်သန်းနွယ်(လ/ထညွှန်မှူး၊ ငြိမ်း၊ ပညာရေးစီမံ/လေ့ကျင့်)၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်ခင်မိုးမိုးဇော်၊ ဦးခင်မောင်စိုး-ဒေါ်စိုးစိုးဇော်၊ ကိုချမ်းအေးဇော်၊ ကိုဥက္ကာဇော်တို့၏ဖခင်၊ မောင်ဝေယံရဲရင့်၊ မောင်မိုးသန့်ဇင်၊ မောင်သူရိန်ထက်၊ မစန္ဒကူးဇင်တို့၏အဘိုးသည် ၃၀-၈-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅း၅၀ နာရီတွင် ဗဟိုရုံးစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောက်တံခါးအသင်း
ဒေါ်အုံးကြူ(ခ)ဒေါ်ဝမ်
(နာယက)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အမှတ်(၂)၊ မြေနီလမ်းနေ ဦးဟန်ခင်၏ဇနီး၊ အသင်းအမှုဆောင် ဒေါ်တင်တင်၏အစ်မ၊ ဦးမျိုးသွင်-ဒေါ်အေးအေးမူ၊ ဦးအေးသောင်း-ဒေါ်ကေသီဝင်း၊ ဦးစိန်ကျော်-ဒေါက်တာစုစုဟန်ခင်တို့၏မိခင်သည်ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဦးအရွှတ်(ခ)ဦးကျော်မြင့်
(မင်္ဂလာဒုံ)
အသက်(၅၃)နှစ်

ဇန်းမော်မြို့နေ (ဦးအီဘရာဟင်)-ဒေါ်အုန်းမေတို့၏သား၊ ဒေါ်ကြည်ကြည်အေး(အလက-၅၊ မင်္ဂလာဒုံ)၏ခင်ပွန်း၊ မောင်ရန်နိုင်အေး(သံမဏိစက်ရုံ၊မုံရွာ)-မသန်းသန်းဦး၊ မောင်တေဇာလင်း(ရေတပ်၊ မော်လမြိုင်)တို့၏ဖခင်၊ မရွှေယမင်းအေး၏အဘိုးသည် ၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဦးအဒူရော်မံ(ခ)ဦးဘစိန်-ဒေါ်အီဒါဘေဂေါင်(ခ)ဒေါ်တင်ကြည်တို့၏သား မောင်မောင်ကြီး ၁၂/ဒဂဆ(နိုင်)၀၀၄၁၁၃ သည် မိဘဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုတာဝန်မယူပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအဒူရော်မံ ၁၂/ဒဂဆ(နိုင်)၀၀၄၀၈၃
ဒေါ်အီဒါဘေဂေါင် ၁၂/ဒဂဆ(နိုင်)၀၀၄၀၈၄။

ဒေါ်ခင်စိန်
သားဖွားဆရာမ
(ကျန်းမာရေး၊ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖော်တော်ဦးဘုရားလမ်း၊ အမှတ် ၁၈၆ နေ [ဦးအောင်ထွန်း (အရာခံဗိုလ်၊ တပ်မတော်-လေ၊ငြိမ်း)]၏ဇနီး၊ ကြို့ပင်ကောက်၊ တမန်ဆည်ရွာနေ (ဦးအောင်ခင်-ဒေါ်အုန်းရင်)တို့၏သမီး၊ ဦးမြမောင်-ဒေါ်ခင်စန်း၊ (ဦးဟန်တင်)-ဒေါ်စန်းလှတို့၏ညီမ၊ ဦးညွန့်မောင်-ဒေါ်တင့်တင့်တို့၏အစ်မ၊ ကိုဇော်ဝမ်း-မခင်စောဦး၊ ဗိုလ်မှူးအောင်နိုင်ဦး-မခင်သီတာ(Siemens Ltd.)၊ ကိုလင်းကျော်ထွန်း(CDC Co.,Ltd.)-မခင်မိုးသူတို့၏မိခင်၊ မြေးနှစ်ယောက်၏အဘွားသည် ၃၀-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်တင်နွဲ့(ခ)ဒေါ်နွဲ့
(အမှတ်-၄၊ မရမ်းကုန်း အထည်ချုပ်စက်ရုံ၊ ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ကျိုက်စကိုင်းကျေးရွာနေ (ဦးစံမြင့်-ဒေါ်စိန်အုံ)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကျမ်းစာသင်ကျောင်းလမ်း၊ အမှတ် ခ/၃၉ နေ (ဦးတင်အောင်)(တပ်မတော်-လေ၊ငြိမ်း)၏ဇနီး၊ ဦးစိုးရင် (ကုန်သွယ်၊ ငြိမ်း၊ ခရမ်း)-ဒေါ်စန်းမြင့်၊ ဦးမောင်မောင်စိုး(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ငွေငွေဝင်း၊ ဒေါ်ခင်ထားရွှေ(သစ်တောဦးစီး)၊ ဦးဇော်ဝင်း (MPF°၊ ငြိမ်း)-ဒေါ်သန်းကြည်တို့၏အစ်မ၊ ဦးသန်းဦး (သစ်တောဦးစီး)-ဒေါ်နိုင်နိုင်မော်၊ ကိုအောင်မျိုးထွန်း-မဖြူဖြူဝင်း၊ ကိုတင်မျိုးလွင်-မစံပယ်စန်း၊ ကိုစိုးလင်း-မသင်းသင်းအောင်(သစ်တောဦးစီး)၊ ကိုမြတ်မင်းဦး-မခင်မျိုးသန့်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၉-၈-၂၀၀၄ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄ရက် နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ဂ/၁၁၊ ကြို့ကုန်းသစ်တောဝင်း နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ထီးတော်၊ စိန်ဖူးတော်ဒါယကာကြီး
ဦးမောင်မောင်ကြည်
B.E (Electrical Power)
ဒုတိယညွှန်ကြားရေးမှူး
မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၊စက်မှု(၂)
အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ ဦးခင်မောင်-ဒေါ်ကျင်ရီတို့၏သား၊သပြုကျေးရွာနေ ဦးဘကြိုင်-ဒေါ်မုတ်ကြီးတို့၏သားသမက်၊ သုဝဏ္ဏမြို့၊ (၂၄)ရပ်ကွက်၊ကမာလမ်း၊ ၇၃/၇ နေ ဒေါ်အေးမြင့်(စား/ဖျော်၊ ငြိမ်း)၏ခင်ပွန်း၊ဒေါက်တာသီတာမောင်(Ph.D Physics)၊ မကြည်မာမောင်[M.Sc I (Bot)၊ဒဂုံတက္ကသိုလ်၊E.GTI(E.C)]၊ မောင်ဟိန်းဇော်မောင် [B.A, (English), E.GTI (E.C)]၊ မောင်အေးမင်းဇော် (B.A, Geogrophy), E.GTI(M.T)]တို့၏ဖခင်သည် ၂၈-၈-၂၀၀၄ရက်(စနေနေ့)နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်ကျင်လွမ်
(မိဘမေတ္တာဆေးတိုက်၊မိခင်ကြီး)
အသက်(၈၁)နှစ်

ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊အမှတ် ၁၆၈/၁၆၉ နေ သမားတော်ကြီး(ဦးမြင့်သိန်း)၏ဇနီး၊ ဦးညိုဝင်း-ဒေါ်ခင်ထားရီ (မိဘမေတ္တာဆေးတိုက်)တို့၏မိခင်၊ ဒေါက်တာမောင်မောင်သန်း(အဏုမြူစွမ်းအင်ဦးစီးဌာန)-ဗိုလ်ကြီးစန္ဒာမြင့်သိန်း (သမက၊ မင်္ဂလာဒုံ)၊ မချောစုဝင်း(MVES)၊ မစုနန္ဒာဝင်း၊ မဇင်ဖြူဝင်း(နောက်ဆုံးနှစ်၊ အပိုင်း-က၊ ဆေး-၂)တို့၏ အဘွား၊ မောင်လင်းခန့်၏ ဘွားဘွားကြီးသည် ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းထွန်းဖေ
ပါမောက္ခ၊ဌာနမှူး(စိတ်ပညာဌာန) မကွေးတက္ကသိုလ်
အသက်(၅၁)နှစ်

မန္တလေးမြို့၊ မြို့သစ်၊ ၆၆လမ်းနေ ဦးတင်ဖေ-ဒေါ်မြင့်မြင့်ကြည်တို့၏သား၊ မန္တလေး၊ ၃၂လမ်း၊ ၆၄-၆၅လမ်းကြား၊ နယူးစီဗီလိုင်း၊ သီရိမင်္ဂလာခြံနေ ဦးမောင်မောင်-ဒေါ်တင်တင်တို့၏သားသမက်၊ မကွေးတက္ကသိုလ်၊ စပါယ်လမ်းသွယ်၊ ခြံအမှတ် ၁ နေ ဒေါ်ဆန်းဆန်းဝင်း (အကြီးတန်းစာရေး၊ အဝေးသင်စာစဉ်ဌာန)၏ခင်ပွန်း၊ မောင်ထက်အောင်ဖေ (မန္တလေး၊ UFI တတိယနှစ်၊ ဂျာမန်)၊ မဆန်းဝေခိုင်(အထက-၁၄၊ မန္တလေး)တို့၏ဖခင်သည် ၂၉-၈-၂၀၀၄ရက် ည ၉ နာရီတွင် မကွေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် မကွေးမြို့သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ခင်သိန်းဝင်း(ခ)ဒေါ်ပု
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်(၃)လမ်း၊ အမှတ် ၂၁၈နေ (ဦးစံလှ-ဒေါ်ကြွေ)တို့၏သမီး၊ (ဦးဖဲ-ဒေါ်အုန်းမြ)တို့၏သမီးချွေးမ၊ ဦးအေးသောင်း၏ဇနီး၊ ဦးထွန်းကြည်-ဒေါ်ကြည်မြင့်၊ ဦးအုန်းသင်-ဒေါ်ကြည်သန်းတို့၏ညီမ၊ ဦးတင်ဝင်း-ဒေါ်ခင်မြ၊ ဦးတင်သိန်း၊ ဒေါ်ခင်ဝင်းတို့၏အစ်မ၊ ကိုဝင်းကို-မကြည်ကြည်ဝင်း၊ကိုအောင်မြင့်ထွန်း-မသိန်းသိန်းကြည်၊ မဝါဝါကြွယ်တို့၏မိခင်၊ မောင်ဟိန်းထက်အောင်၊ မစုမြတ်ဝေတို့၏အဘွားသည် ၂၈-၈-၂၀၀၄ရက်(စနေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဇော်ထွန်း (SAE)
ဖျာပုံတံတားစီမံကိန်း
အသက်(၃၅)နှစ်

မကွေးတိုင်း၊စလင်းမြို့နယ်၊မဲဒီးကုန်းကျေးရွာနေ ဦးချစ်ဆွေ-ဒေါ်ခင်မေကြည်တို့၏သား၊ ဦးဝင်းထိန်-ဒေါ်ရီမြင့်၊ ကိုဇော်လင်း၊ ဒေါ်ရည်မွန် (အထွေထွေရောဂါကုဆေးရုံကြီး၊ရန်ကုန်)တို့၏ညီ/မောင်၊ ကိုမိုးမြင့်၊ မသက်သက်မွန်၊ မအေးအေးငြိမ်း၊ မအိအိမင်းတို့၏အစ်ကို၊ ဒေါ်ခင်မြင့်မြင့်နိုင်(J.E၊ ဖျာပုံတံတားစီမံကိန်း)၏ခင်ပွန်းသည် အမှတ် ၆၊ (၁၃)ရပ်ကွက်၊ မလိခလမ်းသွယ်၊ ချင်းတွင်းလမ်းနေအိမ်၌ ၃၀-၈-၂၀၀၄ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးဘစိန်(ခ)ဘကြီးစိန်
(လားရှိုး)
အသက်(၉၅)နှစ်

လားရှိုးမြို့၊ (၄)ရပ်ကွက်နေ (ဦးဘချိန်) (ဒေါ်နွမ်း)၊ (ဦးဘသိန်း)-ဒေါ်တင်အေး၊(၁)ရပ်ကွက်နေ ဦးမောင်မောင်ကြီး၊ ဒေါ်နှင်းရီတို့၏အစ်ကိုကြီး၊ (ဒေါ်ခင်ဆိုင်)၏ခင်ပွန်း၊ ဒေါ်ခင်မမ၏ဖခင်သည် ၂၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၀၄ရက်တွင် ကြာကန်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဦး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀(အထက်)၊ အမှတ် ၂၄၂ (ပထမထပ်)နေ (ဦးမွန်ဆန်း-ဒေါ်အန်တွမ်ယန်)တို့၏သား၊ (ဦးပန်းငါး-ဒေါ်အင်းစွီ)တို့၏သားသမက်၊ ဒေါ်မာမာ၏ခင်ပွန်းသည် ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၅ နာရီတွင် ဗဟိုရုံစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးကျော်ဝင်း (ပြည်)
မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
ကမ္ဘောဇဘဏ်
လ/ထအထွေထွေမန်နေဂျာ(ငြိမ်း)
စာရင်းဌာန
အသက်(၇၃)နှစ်

ပြည်မြို့နေ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဦးကျော်ဟိန်း(ဒုညွှန်ကြားရေးမှူး၊သစ်တောရုံးချုပ်)-ဒေါ်မြင့်မြင့်ဝင်း၊(ဦးမောင်မောင်ဝင်း)-ဒေါ်ကျင်သိန်း၊ ဦးဇော်လင်း-ဒေါ်သိန်းသိန်းဝင်း၊ ဦးမြင့်လွင်-ဒေါ်နီနီဝင်း(ဖူးပွင့်အောင်ပွဲရုံ)၊ ဦးတင့်လွင်-ဒေါ်ညိုညိုဝင်း၊ ဦးထွန်းနိုင်ဝင်း၊ ဦးသက်နိုင်ဝင်းတို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၀-၈-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ခြံအမှတ် ၂၊ ကံ့ကော်လမ်း၊ သီရိမွန်လုံးချင်းအိမ်ရာမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Thang Khan Khup
(Mui Zawl)
အဆင့်(၁)ဆက်သွယ်ရေးဌာနစိတ် ကင်းတားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မြစ်သားမြို့၊ မန္တလေးတိုင်း
အသက်(၄၇)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Mui Zawl ရွာနေ (Pu Gin Kho Zam-Pi Nok Za Cing)တို့၏သား၊ မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ ခလမ်းရွာနေ ဦးအုံးမြင့်-ဒေါ်စရင်တို့၏သားသမက်၊ (Pa Thawng Kho Pau)-Nu Dim Za Ciin၊ Nu Giak Za Vung-(Pa Pum Sian Pau)၊ (Pa Chin Khan Do)-Nu Niiang Za Awi၊ (Pa Do Dal)၊ Nu Hau Kho Dim-WOII On Za Pum(Rtd.)၊ Pa Kham Thang (သစ်လုပ်ငန်း၊ ငြိမ်း)-(Nu Hau Khan Cing)၊ Pa Thang Khan Lang(ဦးစီးအရာရှိ၊ DWIR)၊ (Nu Cing Lam Zam)၊ Nu Cing Ngaih Lun-Pa Suang Khan Thang တို့၏ညီ/မောင်၊ Pa Pau Kho Lian (လက်ထောက်မန်နေဂျာ၊ သစ်လုပ်ငန်း)၊ Nu Dim Lam Niang တို့၏အစ်ကို၊ မြစ်သားမြို့နယ်၊ ကင်းတားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းနေ ဒေါ်ဝင်းမြင့်(ခ)Nu Cing Khawm Lun၏ခင်ပွန်း၊ မောင်ဇော်စိုးထွန်း(ခ)Tg Zam Suan Khup၊ မခင်ကြည်ဖြူ(ခ)Lia Cing Khan Nian°(VIII-B°၊ ထ-၂၊ လှိုင်)တို့၏ဖခင်သည် ၂၁-၈-၂၀၀၄ရက်(စနေနေ့)တွင် ကျောက်ဆည်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဝိသုဒ္ဓ(ခ)ဦးကံတင်
(ဆရာလေး)
မိုးကုတ်မြို့
သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၁၁)ဝါ

(ဦးသာဖြိုး-ဒေါ်နှင်းရီ)၏သား၊ အမှတ် ၈၃၃၊ သုမိတ္တာ ၂၁ လမ်း၊ (၁) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မြိုင်၏ခင်ပွန်း၊ ဦးခင်မောင်မြင့်(ကျောက်သွေးလုပ်ငန်း)-(ဒေါ်ခင်လေးကြည်)၊ ဦးခင်မောင်ဝင်း-ဒေါ်ထားထားဝင်း၊ ဦးအေးမြင့် (ဆောက်လုပ်ရေးရုံးချုပ်) - ဒေါ်ကြည်ငွေ(ခ)ဒေါ်ငွေငွေ၊ ဒေါ်ကြည်အေး(ခ)ဒေါ်သီသီ၊ ဦးခင်ဝင်း-ဒေါ်ကြည်ထွေး(ခ)ဒေါ်စီစီ၊ ဦးခင်မောင်အေး-ဒေါ်ခင်မေညွန့်၊ ဦးခင်မောင်ငွေး-ဒေါ်သီသီမွေး၊ ဦးခင်မောင်သန်း-ဒေါ်သင်းသင်း၊ ဦးခင်မောင်ထွေး(ခ)ကိုထူးထူး - (ဒေါ်ချိုချိုမှာ)တို့၏ဖခင်၊ မြေး ၂၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည်၂၉-၈-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ၂-၉-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မကြီး
အသက်(၇၉)နှစ်

အသင်းနာယက ဗိုလ်မှူးဇော်ညွန့်(ငြိမ်း)၊ အသင်းအမှုဆောင် ဒေါ်သိန်းသိန်းဇော်တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂ လမ်း၊ အမှတ် ၃၄(ဒုတိယထပ်)နေ (ဦးစံလင်း-ဒေါ်ဖွားသိုက်)တို့၏သမီး၊ (ဦးသိုက်အောင်)၏ဇနီးသည် ၂၇-၈-၂၀၀၄ရက်တွင် SSC ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များသိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးရဲမြင့် (ဦးရဲ)
B.Sc, I.C
ရေနံချက်စက်ရုံ(သန်လျင်၊ငြိမ်း)
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ရေနံဝင်း (ဦးမူ-ဒေါ်သန်းစိန်)တို့၏သား၊ သုံးခွမြို့၊ အမှတ် ၂၊ သွန်းဘုရားလမ်း (ဦးတင်မောင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်ခင်ငွေမာ(အလုပ်ရုံစိတ်မှူး၊ ငြိမ်း၊ သန်လျင်ဖန်ချက်စက်ရုံ)၏ခင်ပွန်း၊ ဒေါ်ညွန့်ညွန့်မူ၏မောင်၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်မူ၊ ဦးတင်မြင့်-ဒေါ်နွဲ့နွဲ့မူ (ငွေစာရင်းဌာန၊ဆောက်လုပ်ရေး၊ရန်ကုန်)၊ (ဦးမျိုးမြင့်)၊ ဦးကျော်ကျော်-ဒေါ်ခင်နှင်းပုလဲ၊ (ဦးလှမြင့်)-ဒေါ်ပြုံးပြုံးမူတို့၏အစ်ကို၊ မလေးနွယ်(3^{rd} year, English, Y.U.F.L)၊ မသဲဆုစိုး(1^{st} year English ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မသိမ့်သိမ့်ထက်(အထက-၁၊ သုံးခွမြို့)တို့၏ဖခင်၊ တူ တူမ ၁၇ယောက်တို့၏ဘကြီးသည် ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ
ဒေါ်သန်းသန်းဝေ
အသက်(၄၀)

(ဦးကျော်ရှိန်-ဒေါ်ချို)တို့၏သမီး၊ ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာနေ (ဦးသန်းရွှေ) - ဒေါ်ညိုတို့၏ တူမ၊ (ဦးအောင်မြင့်)-ဒေါ်သန်းငွေတို့၏ညီမ၊ ဦးဝင်းတင်-ဒေါ်မြင့်မြင့်ရှိန်၊ ဦးသိန်းဟန် - ဒေါ်နွယ်သီအောင်တို့၏အစ်မ၊ ဗိုလ်ကြီးသိန်းအောင်(ငြိမ်း၊MEPE°၊ စီမံဌာန)၏ဇနီး၊ မနီနီသော်၊ မောင်ချစ်တိုင်းအောင်(အထက-၄၊ အလုံ)၊ မောင်ထင်လင်းကျော်(အထက-၄)တို့၏မိခင်၊ မပပဝင်း(အထက-၅)တို့၏အဒေါ်သည် ၂၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါသဖြင့် ၃၀-၈-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ ရတနာအုတ်မြစ်မြှုပ်နှံပေး တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှပေါ်ထွန်းလာ နိုင်ငံတကာအရည်အသွေးမီ အင်ဂျင်စက်ပစ္စည်းများထုတ်လုပ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်၂၉ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ ကျင်းပသည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံအဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး အဆောက်အအုံရတနာအုတ်မြစ် စီထားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု

- ❊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု အစဉ်အဆက်ဖြစ်ထွန်းခဲ့၊
- ❊ ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်းမှာ ၁၉၉၈ခုနှစ်ကတည်းက စတင်ကြိုးပမ်းခဲ့၊
- ❊ နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ အကောင်အထည်ဖော်ဖြစ်ထွန်းလာသည့် စီမံကိန်းတစ်ရပ်ဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဩဂုတ် ၂၉ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံ အဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် ရတနာအုတ်များကို စီထားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ်အထက(၄)အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ တက်ရောက်ချီးမြှင့် ကျောင်းသားကျောင်းသူများ ခေတ်မီသင်ထောက်ကူပစ္စည်းများသုံး၍ လေ့ကျင့်မှုကြည့်ရှု

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အားပေးချီးမြှင့်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများ၌ သင်ယူလေ့ကျင့်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါးအညွှန်း

- ✻ တောင်သူလယ်သမားများအနေဖြင့် မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်နေမှုမှ ငွေကြေးအကုန်အကျသက်သာပြီး အချိန်တိုအတွင်းစိုက်ပျိုးဖြစ်ထွန်းနိုင်မည့် လယ်ယာသုံးစက်ယန္တရားများကို အသုံးပြုကာ တိုးတက်ပြောင်းလဲစိုက်ပျိုးကြရန်လိုပေသည်။ **"လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလုပ်ဆောင်"** ခေါင်းကြီး(စာ–၂)
- ✻ ဒီမိုကရေစီနဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုဟာ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်ပမာ အလှမ်းကွာနေတဲ့အတွက် တိုင်းပြည်ပျက်တော့မယ့်ဘေးကို တပ်မတော်က အချိန်မီ ကာကွယ်ပေးလိုက်ရတယ်ဆိုတာကို မြန်မာပြည်သူတွေအနေနဲ့ ၁၀ ဖြတ်သန်းမှုအရ ခံစားနားလည်နေကြပါပြီ။ **ပေါက်စ၏ "လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ(၅၉)"** ဆောင်းပါး(စာ–၅)
- ✻ **အီရတ်စစ်ပွဲ နောက်ဆက်တွဲ အခြေအနေများ တွက်ကိန်းမှားခဲ့ကြောင်း ဘုရှ် ပထမဆုံးအကြိမ်ဝန်ခံ။** နိုင်ငံတကာသတင်း(စာ–၄)